Panasonic

အသုံးပြုသူလမ်းညွှန် နှင့် ဟင်းချက်စာအုပ်

မိုက်ခရိုဝေ့ဖ်မီးဖို / အကင်ကင်သည့်မီးဖို

အိမ်သုံးအတွက်သာ

မော်ဒယ်နံပါတ် . **NN-GD37HB**

အရေးကြီးသောဘေးကင်းလုံခြုံမှုဆိုင်ရာလမ်းညွှန်ချက်များ

ဤစာအုပ်ကိုသေချာစွာဖတ်ပြီးနောက်တွင်ဆက်လက်အသုံးပြုနိုင်ရန်သိမ်းဆည်းထားပါ။

ပါဝင်သည့်အကြောင်းအရာပြဇယား

အမြန်လမ်းညွှန် ၂-၃
အရေးကြီးလုံခြုံရေးဆိုင်ရာညွှန်ကြားချက်များ ၄-၅
တပ်ဆင်ခြင်းနှင့်အထွေထွေလမ်းညွှန်ချက်များ ၆-၈
အင်္ဂါရပ်ပုံကြမ်း ၉-၁၀
ထိန်းချုပ်မှုမျက်နှာပြင် ၁၁
ချက်ပြုတ်ခြင်းစနစ်များ ၁၂
မီးဖိုချောင်သုံးပစ္စည်းနှင့်အသုံးအဆောင်ဇယား ၁၃
နာရီတိုက်ခြင်း ၁၄
ကလေးဘေးကင်းလုံခြုံရေးကိုချိန်ညှိခြင်း ၁၄
မိုက်ကရိုဝေ့ဖ်စွမ်းအင်ကိုချိန်ညှိခြင်း ၁၅
မိုက်ကရိုဝေ့ဖ်စွမ်းအင်အရည်ဖျော်နိုင်စွမ်းကိုချိန်ညှိခြင်း ၁၅
အမြန်အရည်ဖျော်စေခြင်းကိုချိန်ညှိခြင်း ၁၆
အကင်အပူချိန်ကိုချိန်ညှိခြင်း ၁၇
ပေါင်းစပ်ချက်ပြုတ်ခြင်းကိုချိန်ညှိခြင်း ၁၈
မိနစ်၃၀အမြန်ချက်ပြုတ်သည့်ဖန်ရှင် ၁၉
အချိန်ထည့်သည့်ဖန်ရှင်ကိုအသုံးပြုခြင်း ၁၉
အလိုအလျောက်ချက်ပြုတ်ခြင်းကိုချိန်ညှိခြင်း ၂၀-၂၄
တိုင်မာကိုချိန်ညှိခြင်း(မီးဖိုချောင်သုံးတိုင်မာ၊ရပ်ချိန်တိုင်မာ၊နောက်ကျ၍စတင်ခြင်းတိုင်မာ) ၂၅
အဆင့်၃ဆင့်ဖြင့်ချက်ပြုတ်ခြင်း ၂၆
ပြင်ဆင်သည့်ဝန်ဆောင်မှုကိုခေါ်ယူခြင်းမပြုမီ ၂၇
မိုက်ကရိုဝေ့ဖ်မီးဖိုကိုဂရုပြုပါ ၂၈
နည်းပညာဆိုင်ရာအသေးစိတ်အချက်အလက်များ ၂၈
မိုက်ကရိုဝေ့ဖ်နှင့်အလုပ်လုပ်ပုံ ၂၉
အစားအစာ၏ဝိသေသလက္ခဏာများ ၂၉
ချက်ပြုတ်သည့်နည်းလမ်းများ ၃၀
အရည်ဖျော်ဇယား ၃၃
နွေးခြင်းဇယား ၃၄
ချက်ပြုတ်ခြင်းဇယား ၃၆
ချက်ပြုတ်နည်းများ ၃၈

မြန်မာ

အမြန်လမ်းညွှန်

မီးပလပ်တပ်ပြီးသောအခါ " 88:88 " သည်ပုံဖော်မျက်နှာပြင်တွင်ပေါ်လာမည်၊ထို့နောက် start ကိုနှိပ်၍အသုံးပြုပါ။

အင်္ဂါရပ်	အသုံးပြုပုံ
နာရီတိုက်ရန် (☞ စာမျက်နှာ၁၄)	Timer/Clock 計時/時鐘 ၂ချက်နှိပ်ပါ →  နေ့စဉ်အချိန်ကိုသတ်မှတ်ပါ။ → Timer/Clock 計時/時鐘 ၁ချက်နှိပ်ပါ
ကလေးဘေးကင်းလုံခြုံရေးစနစ်ကို သတ်မှတ်ရန် /ဖျက်သိမ်းရန် (☞ စာမျက်နှာ၁၄)	သတ်မှတ်ရန်: Start 開始 ၃ချက်နှိပ်ပါ ဖျက်သိမ်းရန်: Stop/Reset 停止 / 重設 ၃ချက်နှိပ်ပါ
ချက်ရန်/ကြိုတင်အပူပေးရန်မိုက်ကရို ဝေ့ဖ်စွမ်းအင်ဖြင့်အရည်ဖျော်ရန်နှင့်တိုင်မာချိန်ခြင်း (☞ စာမျက်နှာ၁၅)	Micro Power 微波火力 ပြင်းအားကိုရွေးပါ →  ချက်ပြုတ်ချိန်သတ်မှတ်ပါ → Start 開始 နှိပ်ပါ
အမြန်အရည်ဖျော်ခလုတ်ကိုသုံးရန် (☞ စာမျက်နှာ၁၆)	Turbo Defrost 超速解凍 နှိပ်ပါ →  အစားအသောက်အလေးချိန်ကိုရွေးပါ → Start 開始 နှိပ်ပါ
Grill ခလုတ်ကိုသုံး၍ချက်ပြုတ်ခြင်း (☞ စာမျက်နှာ၁၇)	Grill 薄塊燒烤 ပြင်းအားကိုရွေးပါ →  ချက်ပြုတ်ချိန်သတ်မှတ်ပါ → Start 開始 နှိပ်ပါ
combination ခလုတ်ကိုသုံး၍ ချက်ပြုတ်ခြင်း (☞ စာမျက်နှာ၁၈)	Combination 微波燒烤 ပြင်းအားကိုရွေးပါ →  ချက်ပြုတ်ချိန်သတ်မှတ်ပါ → Start 開始 နှိပ်ပါ

အင်္ဂါရပ်	အသုံးပြုပုံ
မိနစ်၃၀အမြန်ချက်ခလုတ်ကိုအသုံးပြုခြင်း (☞ စာမျက်နှာ၁၉)	Quick 30 快速翻熱 → Start 開始 နှစ်သက်ရာချက်ပြုတ်ချိန်ကိုသတ်မှတ်ပါ → နှိပ်ပါ
အချိန်ထည့်သည့်ဖန်ရှင်ကိုအသုံးပြုခြင်း (☞ စာမျက်နှာ၁၉)	Add Time 追加烹調 / Time 時間 / Weight 重量 → Start 開始 ချက်ပြုတ်ပြီးနောက်လှည့်၍အချိန်ကိုထည့်နိုင်သည် → နှိပ်ပါ
အလိုအလျောက်ချက်ပြုတ်နိုင်သည့်ခလုတ်ကိုအသုံးပြု၍ချက်ပြုတ်ခြင်း (☞ စာမျက်နှာ ၂၀)	ဥပမာ Auto Menu 自動食譜 → Add Time 追加烹調 / Time 時間 / Weight 重量 → Start 開始 နှစ်သက်ရာမီနူးဂဏန်းကိုရွေးပါ → အလေးချိန်ကိုရွေးပါ → နှိပ်ပါ
မီးဖိုချောင်တိုင်မာခလုတ်ကိုအသုံးပြုခြင်း (☞ စာမျက်နှာ ၂၅)	Timer/Clock 計時/時鐘 → Add Time 追加烹調 / Time 時間 / Weight 重量 → Start 開始 နှိပ်ပါ → မီးဖိုချောင်တိုင်မာကိုသတ်မှတ်ခြင်း → နှိပ်ပါ
ချက်ပြုတ်ပြီးမီးဖိုတွင်ဆက်ထားချိန်ကိုသတ်မှတ်ခြင်း (☞ စာမျက်နှာ ၂၆)	နှစ်သက်ရာချက်ပြုတ်သည့်ပုံစံကိုရွေးပါ။ → Timer/Clock 計時/時鐘 → Add Time 追加烹調 / Time 時間 / Weight 重量 → Start 開始 နှိပ်ပါ → မီးဖိုတွင်းဆက်ထားချိန်ကိုသတ်မှတ်ခြင်း → နှိပ်ပါ
စတင်ချိန်နှောင့်နှေးသည့်အချိန်ကိုသတ်မှတ်ပါ (☞ စာမျက်နှာ ၂၇)	Timer/Clock 計時/時鐘 → Add Time 追加烹調 / Time 時間 / Weight 重量 → နှစ်သက်ရာချက်ပြုတ်ပုံစံကိုရွေးပါ → Start 開始 နှိပ်ပါ → နောက်နှေးသည့်အချိန်ကိုသတ်မှတ်ပါ → နှိပ်ပါ

မြန်မာ

ဤအချက်များကိုသေချာစွာဖတ်ပြီးနောက်တွင်ပြန်လည်အသုံးပြုနိုင်ရန်သိမ်းဆည်းထားပါ။

မိုက်ခရိုဝေ့ဖ် ဖြင့်အစားအစာများကိုအပူပေးရာတွင်လိုက်နာရမည့်ကြိုတင်သတိပေးချက်များ

ပျက်စီးဆုံးရှုံးမှုမဖြစ်စေရန်စစ်ဆေးခြင်း

အောက်ဖော်ပြပါအခြေအနေများကိုအတည်ပြုစစ်ဆေးပြီးမှသာမိုက်ခရိုဝေ့ဖ်မီးဖိုကိုအသုံးပြုသင့်သည်။

(၁) မိုက်ခရိုဝေ့ဖ်မီးဖို၏တံခါးကိုလုံခြုံစွာပိတ်ပြီးဖွင့်သည့်ပိတ်သည့်အခါတွင်ညင်ညင်သာသာဖွင့်ခြင်း၊ပိတ်ခြင်းပြုလုပ်ပါ။

(၂) တံခါးပတ္တာများကိုကောင်းမွန်သောအခြေအနေတွင်ရှိပါစေ။

(၃) တံခါးအတွင်းရှိအလုံပိတ်ရန်သုံးသောသတ္တုပြားကိုပုံပျက်ခြင်းမဖြစ်ပါစေနှင့်။

(၄) တံခါးအတွင်းရှိအလုံပိတ်ရန်သုံးသည့်ရာဘာလိုင်းကိုအစားအသောက်များ(သို့)ဟင်းအဆီအနှစ်များစွန်းထင်းပေကျန်ခြင်းမရှိစေရပါ။

ကြိုတင်သတိပေးချက်များ

အကယ်၍အောက်ဖော်ပြပါကြိုတင်သတိပေးချက်များကိုမလိုက်နာပါကမိုက်ခရိုဝေ့ဖ်မီးဖိုမှလာသောမိုက်ခရိုဝေ့ဖ်ရောင်ခြည်များသည်အန္တရာယ်ဖြစ်စေနိုင်ပါသည်။

(၁) တံခါးပေါ်ရှိချိတ်ဆက်ထားသောကိရိယာများကိုဖြုတ်ခြင်း(သို့)လက်ဖြင့်ဆော့ကစားခြင်းလုံးဝမပြုလုပ်ပါနှင့်။

(၂) မီးဖိုဖြင့်ချက်ပြုတ်နေစဉ်တွင်မီးဖိုနှင့်တံခါးကြား (သို့)လေဝင်လေထွက်အပေါက်တစ်လျှောက်အခြားမသက်ဆိုင်သောအရာဝတ္ထုများ၊အထူးသဖြင့်သတ္တုအရာဝတ္ထုများကိုလုံးဝမထိုးထည့်ပါနှင့်။

(၃) လက်ကိုင်တပ်ဒယ်၊အလုံပိတ်ထားသောစည်သွတ်ဗူး(သို့) အခြားသောလေးလံသည့်အရာဝတ္ထုများကိုမီးဖိုထဲသို့လုံးဝမထည့်ပါနှင့်။

(၄) အခြားသတ္တုနှင့်တူသောပစ္စည်းများဖြစ်သည့်ဥပမာ –ချက်ချင်းစားနိုင်သည့်အစားအစာထည့်ထားသောဗူးများနှင့်မီးဖို၏ဘေးဘက်ကိုမထိပါစေနှင့်။

(၅) မီးဖိုအတွင်းခန်း၊တံခါးနှင့်အလုံပိတ်ရန်သုံးသည့်ရာဘာလိုင်းတို့ကိုအနံ့မပြင်းသောဆပ်ပြာမှုန့်နှင့်ရေတို့ဖြင့်ပုံမှန်ဆေးကြောသန့်စင်ပါ။

(၆) ဤမီးဖိုကိုထုတ်လုပ်ထားသောသူမှအကြံပြုထောက်ခံထားသောမီးဖိုချောင်သုံးပစ္စည်းများကိုသာငှင်းမီးဖိုနှင့်တွဲဖက်အသုံးပြုပါ။

(၇) အထူးသဖြင့်ဤမီးဖိုကိုထုတ်လုပ်သူ၏လမ်းညွှန်ထားသောစာထဲတွင်ခွင့်ပြုထားခြင်းမရှိပါက အစားအစာ(သို့) ရေကဲ့သို့သောအရာများကို မီးဖိုထဲသို့ထည့်ထားခြင်းမရှိဘဲ၊မီးဖိုထဲတွင်မည်သည့်အစားအစာမှမထည့်ထားဘဲစက်မလည်ပတ်ပါစေနှင့်။

(၈) မီးဖိုတံခါးသည်အလျားလိုက်အောက်သို့ဖွင့်ချရသည့်တံခါးဖြစ်သည့်အတွက်တံခါးဖွင့်ထားစဉ်အစားအစာဗူး ကဲ့သို့သောလေးလံသောအရာဝတ္ထုများကိုတံခါးပေါ်တွင်လုံးဝမတင်ပါနှင့်။

(၉) မိုက်ခရိုဝေ့ဖ်မီးဖိုထဲသို့အလုံပိတ်ထားသောဗူး (လေလုံဗူး)များကိုမထည့်ပါနှင့် ။အရစ်ပါသောကလေးနို့ဗူး အဖုံး (သို့) နို့သီးခေါင်းကိုအလုံပိတ်ဗူးများဟုသတ်မှတ်ထားပါသည်။

(၁၀) ဤမီးဖို သည်စိတ်ပိုင်းဆိုင်ရာစွမ်းရည်နည်းပါးသော(သို့)အာရုံခံနိုင်စွမ်းလျော့နည်းသောပုဂ္ဂိုလ်များ (ကလေးများအပါအဝင်) အားအသုံးပြုရန်ရည်ရွယ်ထားခြင်းမဟုတ်ပါ။ထို့အပြင်ဤမီးဖိုနှင့်ပတ်သတ်၍ဘေးကင်းလုံခြုံစေရန်လိုက်နာရမည့်လမ်းညွှန်ချက်များ၊သတိပေးချက်များကိုငှင်းမီးဖိုအကြောင်းကျွမ်းကျင်နားလည်သူတစ်ဦးမှလမ်းညွှန်ပြောပြခြင်းမရှိပါကလည်းငှင်းကိုအသုံးမပြုသင့်ပါ။

(၁၁) ငယ်ရွယ်သောကလေးငယ်များကိုဤမီးဖိုနှင့်မကစားမိစေရန်အုပ်ထိန်းသူလူကြီးမိဘများကကြီးကြပ်သင့်ပါသည်။

(၁၂) ဤမီးဖိုမှထွက်သောမိုက်ခရိုဝေ့ဖ်စွမ်းအင်ထိတွေ့မှုဒဏ်မှကာကွယ်ပေးထားသည့်အဖုံးကိုဖယ်၍အခြားမည်သည့်တစ်ဦးတစ်ယောက်မျှမလုပ်ဆောင်သင့်ပါ။ထိုသို့လုပ်ဆောင်ပါကအန္တရာယ်ဖြစ်စေနိုင်ပါသည်။

(၁၃) အသုံးပြုနေစဉ်အတွင်းငှင်းမီးဖို၏မျက်နှာပြင်များသည် ပူနေတတ်ပါသည်။

အရေးကြီးသောဘေးကင်းလုံခြုံမှုဆိုင်ရာလမ်းညွှန်ချက်များ

မြေအောက်ကြိုးချခြင်းလမ်းညွှန်ချက်များ

မိုက်ခရိုဝေ့ဖ်တပ်ဆင်ရာတွင်အပ်ကြိုးချရသည်။လျှပ်စစ်ပတ်လမ်းတို့ဖြစ်ပေါ်သောအခြေအနေမျိုးတွင်မြေအောက်ကြိုးချခြင်းသည်လျှပ်စစ်ကြောင်းအတွက်အထွက်ဝါယာကို ထောက်ပံ့ပေးခြင်းဖြင့်ရှော့ဖြစ်နိုင်ခြေကိုလျော့နည်းစေသည်။ဤမိုက်ခရိုဝေ့ဖ်တွင်မြေအောက်ကြိုးတပ်ဆင်ထားသည်။စက်၏ပလပ်ကိုမြေအောက်ကြိုးချထားသောပလပ်ခုံတွင်တပ် ဆင်ရမည်။

သတိပေးချက် – မြေအောက်ကြိုးချခြင်းကိုမသင့်လျော်စွာပြုလုပ်ပါကရှော့ဖြစ်နိုင်ပါသည်။

ချက်ပြုတ်ပြီးနောက်ပန်ကာမော်တာအလုပ်လုပ်ပုံ

မီးဖိုကိုအသုံးပြုပြီးသောအခါအထဲရှိလျှပ်စစ်အစိတ်အပိုင်းများကိုအေးစေရန်အတွက်ပန်ကာလည်လိမ့်မည်။ဤဖြစ်စဉ်ပုံမှန်အလုပ်လုပ်ခြင်းကိုပြသောဖြစ်စဉ်ဖြစ်သည်။ပန်ကာအ လုပ်လုပ်နေစဉ်မီးဖိုအတွင်းမှအစားအစာများကိုထုတ်ယူနိုင်သည်။

အရေးကြီးသောလမ်းညွှန်ချက်များ

မြန်မာ

သတိပေးချက် – ပြင်းထန်သောမိုက်ခရိုဝေ့ဖ်စွမ်းအင်ကြောင့်ထိခိုက်ဒဏ်ရာရခြင်း၊လျှပ်စစ်ရှော့ခ်ဖြစ်ခြင်းနှင့်မီးလောင်ခြင်းစသောအန္တရာယ်များကိုလျှော့ချရန် :

(၁) မိုက်ခရိုဝေ့ဖ်မီးဖိုကိုအသုံးမပြုမီလမ်းညွှန်များအားလုံးကိုဖတ်ပါ။

(၂) ဥများနှင့်အလုံပိတ်ဗူးများကဲ့သို့အချိုသောထုတ်ကုန်များ –(ဥပမာ – အလုံပိတ်ဖန်ပုလင်းနှင့်နို့သီးခေါင်းတပ်ထားသောအလုံပိတ်နို့ဗူး)တို့ကိုမိုက်ခရိုဝေ့ဖ်မီးဖိုထဲသို့ထည့်၍ အပူမပေးသင့်ပါ။ထိုသို့ပြုလုပ်ပါကပေါက်ကွဲစေနိုင်ပါသည်။အသေးစိတ်အချက်အလက်များကိုဟင်းချက်လမ်းညွှန်စာအုပ်တွင်ဖော်ပြထားပါသည်။

(၃) ဤမီးဖိုကိုလမ်းညွှန်စာအုပ်တွင်ဖော်ပြထားသောအသုံးပြုရန်သင့်တော်သည့်သူများသာသုံးပါ။

(၄) မည်သည့်ပစ္စည်းကိုရိယာကိုမဆိုကလေးငယ်များအသုံးပြုရာတွင်အုပ်ထိန်းသူမိဘများ၏အနီးကပ်စောင့်ကြည့်ကြီးကြပ်မှုကိုလိုအပ်ပါသည်။

(၅) အကယ်၍မီးဖိုအလုပ်ကောင်းကောင်းမလုပ်လျှင်(သို့)ပြုတ်ကျခြင်း၊ထိခိုက်ခြင်းတို့ဖြစ်လျှင်၎င်းမီးဖိုကိုအသုံးမပြုပါနှင့်။

(၆) ဤပစ္စည်းကိုအပြင်ဘက်တွင်သိမ်းထားခြင်း(သို့)အသုံးပြုခြင်းမပြုလုပ်ပါနှင့်။

(၇) ၎င်းမီးဖို၏ပလပ်(သို့)ကြိုးကိုရေထဲတွင်မနှစ်ပါနှင့်။

(၈) အပူဓာတ်ရှိသောမျက်နှာပြင်များမှကြိုးကိုအဝေးတွင်ထားပါ။

(၉) ကြိုးကိုစားပွဲအစွန်း(သို့)ကောင်တာအစွန်းတွင်တွဲလောင်းကျခြင်းမဖြစ်ပါစေနှင့်။

(၁၀) မီးဖိုအတွင်းခန်းထဲတွင်မီးလောင်ခြင်းအန္တရာယ်မဖြစ်စေရန်

(က) အစားအစာကိုအကျက်မလွန်ပါစေနှင့်။ချက်ပြုတ်မှုလွယ်ကူစေရန်စက္ကူပလတ်စတစ်(သို့)အခြားသောမီးလောင်လွယ်သည့်ပစ္စည်းများကိုမီးဖိုထဲတွင်ထားရှိပါက ၎င်းမီးဖိုကိုသေချာဂရုစိုက်ပါ။

(ခ) မီးဖိုထဲသို့အစားအစာအိတ်ထည့်၍အပူမပေးမီ၎င်းအိတ်ကိုချည်ထားသောကြိုးများကိုဖယ်ရှားပါ။

(ဂ) မီးဖိုထဲရှိပစ္စည်းများလောင်ကျွမ်းမှုဖြစ်ပါကတံခါးကိုဆက်ပိတ်ထားပါ၊မီးဖိုပိတ်သွားရန်နံရံတွင်ရှိသောခလုတ်ကိုပိတ်လိုက်ပါ(သို့)ဖျူးစ်ကြိုး၊ဆားကစ်ဘရိတ်ကာခုံ ရှိပါဝါမီးကိုပိတ်လိုက်ပါ။

(ဃ) ချက်ပြုတ်နေစဉ်အတွင်း(သို့)ပြန်နွှေးနေစဉ်မီးဖိုကိုလူသူမရှိဘဲဒီအတိုင်းမထားခဲ့ပါနှင့်။

(၁၁) မီးဖိုမှအပြင်ဘက်အခွံကိုဖယ်ရှားခြင်းမပြုလုပ်ပါနှင့်။

(၁၂) ပစ္စည်းများကိုပြင်ပအချိန်သတ်မှတ်ပေးစက်(သို့)သီးခြားအဝေးထိန်းရီမုစနစ်ဖြင့်အသုံးပြုရန်ရည်ရွယ်ထားခြင်းမဟုတ်ပါ။

(၁၃) မီးဖိုကိုသန့်ရှင်းခြင်း၊ပြုပြင်ထိန်းသိမ်းခြင်းတို့ဆောင်ရွက်ခြင်းမရှိပါကအန္တရာယ်ရှိနိုင်သောအခြေအနေများဖြစ်သည့်ပစ္စည်း၏သက်တမ်းကိုဆိုးဆိုးရွားရွားထိခိုက်စေနိုင်ခြင်း နှင့်၎င်း၏မျက်နှာပြင်များကိုလည်းယိုယွင်းပျက်စီးစေခြင်းတို့ဖြစ်နိုင်ပါသည်။

လျှပ်စစ်ပတ်လမ်းများ

သင်၏မိုက်ခရိုဝေ့ဖ်မီးဖိုကိုအခြားသောစက်ပစ္စည်းများမှသီးခြားလျှပ်စီးပတ်လမ်းတွင်သာအလုပ်လုပ်လည်ပတ်စေသင့်သည်။အသုံးပြုသည့်ဗို့အားသည်ဤမီးဖိုတွင်သတ်မှတ်ထားသော ဗို့အားနှင့်တူရမည်။ဤသို့ဗို့အားမတူညီပါကပါဝါဘုတ်ရှိဖျူးစ်ကိုပေါက်သွားစေခြင်း(သို့)ချက်ပြုတ်ခြင်းကိုနှေးကွေးစေသလိုနှစ်မျိုးစလုံးလည်းဖြစ်သွားနိုင်ပါသည်။ပါဝါဘုတ်ထဲသို့ခံ နိုင်အားမြင့်သောဖျူးစ်ကိုမထည့်ပါနှင့်။

တပ်ဆင်ပုံတပ်ဆင်နည်းနှင့်ယေဘုယျအသုံးပြုပုံလမ်းညွှန်

လက်တွေ့အသုံးပြုရာတွင်တွေ့ရှိရမည့်အခြေအနေများ

(၁) ပေါင်းခြင်း နှင့်ကင်ခြင်းကိုစတင်ပြုလုပ်သောအခါအကယ်၍အဖြူရောင်မီးခိုးများဤစက်မှထွက်လာပါကထိုသို့ဖြစ်ခြင်းသည်စက်ချွတ်ယွင်းခြင်းမဟုတ်ပါ။

(၂) မီးဖိုဓါ်အတွင်းရှိအပေါ်ဘက်မျက်နှာပြင်တွင်အကင်အပူပေးစက်နှစ်လုံးပါဝင်သည်။ Grillနှင့် combination ဖန်ရှင်ကိုသုံးပြီးချက်ပြုတ်လျှင်အပေါ်ဘက်မျက်နှာပြင်သည်အလွန်ပူနေလိမ့်မည်။

(၃) အသုံးပြုစဉ်ဆက်စပ်ပစ္စည်းလည်းပူလာလိမ့်မည်။ထို့ကြောင့်ကလေးများနှင့်ဝေးရာတွင်ထားပါ။

(၄) Grill နှင့် Combination ဖန်ရှင်ကိုအသုံးမပြုမီမီးဖိုကိုပထမဆုံးကြိမ်မီးဖိုလည်ပတ်သည့်အနေဖြင့် Grill 1 ကိုနှိပ်၍၅မိနစ်ကြာအစားအစာနှင့်ဆက်စပ်ပစ္စည်းများမပါဘဲလည်ပတ်စေပါ။ဤသည်မှမီးဖိုအတွင်းတွင်မည်သည့်ပစ္စည်းမျှမထည့်ဘဲလည်ပတ်သောတစ်ကြိမ်တည်းသောအချိန်ဖြစ်ပါသည်။ဤသို့ပြုလုပ်ခြင်းသည်သံချေးမတက်စေရန်သုတ်ထားသောဆီများကိုလောင်ကျွမ်းစေပါသည်။
သတိပေးချက်။ မီးဖိုအတွင်းဘက်ရှိမျက်နှာပြင်အားလုံးပူနေလိမ့်မည်။

(၅) Grill နှင့် Combination ဖန်ရှင်ကိုအသုံးပြုစဉ်မီးဖိုအိမ်အပြင်ဘက်ရှိလေဝင်လေထွက်ပေါက်အပါအဝင်၊အပြင်မျက်နှာပြင်များပါလာလိမ့်မည်။အစားအစာများနှင့်ဆက်စပ်ပစ္စည်းများကိုတံခါးဖွင့်(သို့) ပိတ်၍ထည့်ခြင်း(သို့)ထုတ်ခြင်းများပြုလုပ်သောအခါအထူးဂရုပြုပါ။

သတိပေးချက် ! ပူသောမျက်နှာပြင်များ

သတိပေးချက်

(က) တံခါး၏အလုံပိတ်ရာဘာလိုင်းနှင့်ထိုနေရာဝန်းကျင်ကိုရေစိုဝတ်ဖြင့်သန့်ရှင်းရေးပြုလုပ်ပါ။အလုံပိတ်ရာဘာလိုင်းနှင့်ထိုနေရာပတ်ဝန်းကျင်တွင်ပေါက်ပြဲပျက်စီးခြင်းရှိမရှိစစ်ဆေးပါ။ထိုနေရာများပျက်စီးနေပါကထုတ်လုပ်သူမှသင်တန်းပေးထားသောကျွမ်းကျင်ပညာရှင်ဖြင့်ပြင်ဆင်ပြီးမှသာအသုံးပြုသင့်ပါသည်။

(ခ) တံခါးနှင့်တံခါးအလုံပိတ်ရာဘာသည်ပျက်စီးနေလျှင်ကျွမ်းကျင်ပညာရှင်ဖြင့်ပြင်ဆင်ပြီးမှသာစက်လည်ပတ်ခြင်းကိုပြုလုပ်သင့်ပါသည်။

(ဂ) မိုက်ခရိုဝေ့ဖ်စွမ်းအင်အပြင်သို့မထွက်စေရန်ကာကွယ်ထားသောအဖုံးကိုဖြုတ်ခြင်းအပါအဝင်မည်သည့်ထိန်းသိမ်း (သို့)ပြင်ဆင်ခြင်းကိုမဆိုကျွမ်းကျင်ပညာရှင်မှအပမည်သူတစ်ဦးတစ်ယောက်မျှမပြုပြင်သင့်ပါ။ဤသို့ပြုလုပ်ပါကအလွန်အန္တရာယ်ရှိသည်။

(ဃ) ထောက်ပံ့ထားသောပါဝါကြိုးပျက်စီးလျှင်ဘေးအန္တရာယ်ကင်းစေရန်ထုတ်လုပ်သူ (သို့) ၎င်း၏ဝန်ဆောင်မှုအကျိုးဆောင်(သို့)အလားတူအရည်အချင်းပြည့်မီသောလူပုဂ္ဂိုလ်တစ်ဦးဦး၏အကူအညီဖြင့်အစားထိုးလဲလှယ်တပ်ဆင်ရမည်။

(င) အသုံးမပြုမီမီးဖိုတွင်အသုံးပြုသောပန်းကန်ခွက်ရောက်များသည်မိုက်ခရိုဝေ့ဖ်မီးဖိုတွင်အသုံးပြုရန်သင့်တော်ခြင်းရှိမရှိကိုသုံးစွဲသူမှစစ်ဆေးသင့်သည်။

(စ) အလုံပိတ်ဗူးအတွင်းရှိအရည် (သို့) အခြားအစားအစာများကိုအပူမပေးရ၊ပေါက်ကွဲနိုင်သောကြောင့်ပြင်နိုင်ပါသည်။တပြိုင်နက်ထဲတွင်ပွက်ပွက်ဆူသောအရည်များဘေးသို့လွှင့်စင်ခြင်းမဖြစ်စေရန်ရှောင်ရှားသင့်သည်။

(ဆ) လုံလောက်သောညွှန်ကြားချက်များပေးသောအခါကလေးများသည်မီးဖိုကိုဘေးကင်းလုံခြုံစွာအသုံးပြုနိုင်ပြီးမလျော်ကန်သောအသုံးပြုမှု၏အန္တရာယ်ကိုနားလည်သဘောပေါက်ပြီးသောကလေးများကိုသာကြီးကြပ်မှုမရှိပဲအသုံးပြုခွင့်ပြုပါ။

(ဇ) လျှပ်စစ် Grill (သို့) Combination မုဒ်တွင်အသုံးပြုသောအခါအပူထွက်နိုင်သောကြောင့်ကလေးများသည်လူကြီးများ၏ကြီးကြပ်မှုအောက်တွင်သာမီးဖိုကိုအသုံးပြုသင့်သည်။

ယေဘုယျအသုံးပြုပုံ

၁။ မိုက်ခရိုဝေ့ဖ်မီးဖိုထဲသို့အစားအစာများမထည့်ဘဲစက်လည်ပတ်စေခြင်းကိုရှောင်ကြဉ်ပါ။ထိုသို့မရှောင်ကြဉ်ဘဲပြုလုပ်ပါကမိုက်ခရိုဝေ့ဖ်မှလျှပ်စစ်စွမ်းအင်များသည်ချက်စရာအစားအစာမရှိသောကြောင့်အပြင်သို့ထွက်လာနိုင်ပါသည်။ထို့အပြင်လျှပ်စစ်များသည်မီးဖို၏နံရံများတွင်စီးဆင်းနိုင်သောအန္တရာယ်ရှိနိုင်ပါသည်။

၂။ အကယ်၍မိုက်ခရိုဝေ့ဖ်မီးဖိုမှအငွေ့များထွက်လာလျှင်မီးဖို၏တံခါးကိုပိတ်ထားပြီးစက်ရှိ Stop/Reset ခလုတ်နှိပ်၍ပိတ်လိုက်ပါ။ပြီးနောက်ပါဝါပလပ်ကြိုးကိုဖြုတ်ပြီးဖျူးစ်(သို့)ဆားကစ်ဘရိတ်ကာကိုပါဝါပိတ်လိုက်ပါ။

၃။ မိုက်ခရိုဝေ့ဖ်အတွင်းတွင်မီးခိုးတွေ့ရှိပါကခလုတ်ကိုပိတ်ပါ (သို့) စက်၏ပလပ်ကိုဖြုတ်လိုက်ပါ။မီးတောက်များအပြင်သို့မထွက်စေရန်တံခါးကိုဆက်ပြီးပိတ်ထားပါ။

၄။ မိုက်ခရိုဝေ့ဖ်မီးဖိုသည်အစားအစာနှင့်အဖျော်ယမကာများကိုအပူပေးရန်အတွက်ရည်ရွယ်သည်။အစားအစာ (သို့)အဝတ်အထည်များကိုခြောက်သွေ့စေခြင်းနှင့်ပူနွေးသောအဝတ်ထုပ်၊ဖိနပ်များ၊ရေမြှုပ်များ၊စိုစွတ်သောအဝတ်အထည်များနှင့်အလားတူပစ္စည်းများကိုအပူပေးခြင်းဖြင့်ထိခိုက်ဒဏ်ရာရနိုင်ခြင်း၊လောင်ကျွမ်းခြင်းနှင့်မီးလောင်ခြင်းများဖြစ်ပွါးစေနိုင်ပါသည်။

၅။ အညစ်အကြေးများရှိသောအသုံးပြုပြီးသောစက္ကူဖြင့်ပြုလုပ်ထားသည့်ထုတ်ကုန်များကိုအသုံးမပြုပါနှင့်။ဤအရာများသည်မီးပွားထွက်ခြင်းနှင့်မီးလောင်ခြင်းတို့ကိုဖြစ်စေနိုင်ပါသည်။

၆။ မီးဖိုဖြင့်ဟင်းများချက်ပြုတ်သည့်အခါသတင်းစာများစက္ကူအိတ်များကိုအသုံးမပြုပါနှင့်။

၇။ စက်ပေါ်ရှိထိန်းချုပ်သည့်ခလုတ်များရှိသည့်နေရာကိုတိုက်မိခြင်း၊ထိမိခြင်း တို့မဖြစ်စေရန် သတိထားသင့်ပါသည်။ထိုသို့ဖြစ်ပွားပါကစက်ကိုထိန်းချုပ်သည့်အခါတွင်အန္တရာယ်ရှိနိုင်ပါသည်။

၈။ အစားအစာမှအပူသည်ချက်ပြုတ်သည့်အိုးသို့အပူကူးသွားပြီးထိုမှတစ်ဆင့် စားပွဲ (သို့) အပူကူးနိုင်သောကြောင့်အိုးကိုင်လက်အိတ်လိုအပ်နိုင်သည်။ချက်ပြုတ်သည့်အိုးကိုမီးဖိုမှဖယ်ရှားပြီးနောက်စားပွဲခုံသည်အလွန်ပူနိုင်သည်။

၉။ မီးလောင်လွယ်သောပစ္စည်းများကိုမီးဖိုဘေးတွင်၊ထိပ် (သို့မဟုတ်) မီးဖိုထဲ၌မသိမ်းဆည်းပါနှင့်။ထိုအရာသည် မီးအန္တရာယ်ဖြစ်စေနိုင်ပါသည်။

၁၀။ အချက်အပြုတ်လမ်းညွှန်ချက်တွင်မဖော်ပြထားပါကအစားအစာကိုစားပွဲပေါ်တိုက်ရိုက်တင်၍မချက်ပြုတ်ပါနှင့်။ (အစားအစာများကိုသင့်လျော်သောဟင်းချက်ပန်းကန်ခွက်ယောက်များတွင်ထားသင့်သည်။)

၁၁။ အခြားသောအစားအစာမဟုတ်သောပစ္စည်းများ၊ဓာတုပစ္စည်းများကိုအပူပေးရန် ဤမီးဖိုကိုအသုံးမပြုပါနှင့်၊ ပွန်းစားနိုင်သော ဓာတုဗေဒပစ္စည်းပါဝင်သည်ဟုရေးသားထားသောမည်သည့်ထုတ်ကုန်ပစ္စည်းကိုမဆိုအသုံးပြု၍ဆေးကြောခြင်းမပြုပါနှင့်။မီးဖိုအတွင်းတွင်ပွန်းစားနိုင်သောဓာတုဗေဒပစ္စည်းကိုအပူပေးခြင်းသည်မိုက်ကရိုဝေ့ဖ်ဓာတ်ရောင်ခြည်စိမ့်ထွက်မှုများဖြစ်ပေါ်စေနိုင်ပါသည်။

၁၂။ ဖန်ဗန်းသည်ပူနေပါကသန့်ရှင်း (သို့) ရေထဲ၌စိမ်မထားမီအအေးခံပါ။

၁၃။ COMBINATION မုဒ်ကိုအသုံးပြုသောအခါ အလူမီနီယမ် (သို့) သတ္တုဖူးကို ဝါယာစင်ပေါ်တိုက်ရိုက်တင်၍မထားပါနှင့် ။ အလူမီနီယမ်ဖူးနှင့် ဝါယာစင်ကြားတွင်ပန်းကန်ပြား(သို့) ဖန်ပန်းကန်ပြားအပူကာကွယ်သည့်ပန်းကန်ခွက်ထားပါက မီးဖိုကိုပျက်ဆီးစေနိုင်သည့်မီးဖြာထွက်ခြင်းများမဖြစ်စေရန်ကာကွယ်ပေးသည်။

၁၄။ ချက်ပြုတ်နေစဉ်ရေနွေးငွေ့များသည်မီးဖိုအတွင်း(သို့)တံခါးပေါ်တွင်သိမ်းဆည်းလာနိုင်သည်။ဤဖြစ်စဉ်မှာပုံမှန်အခြေအနေဖြစ်ပါသည်အန္တရာယ်မရှိပါ။မီးဖိုပြန်အေးသွားသောအခါရေနွေးငွေ့များပျောက်သွားပါလိမ့်မည်။

၁၅။ မိုက်ခရိုဝေ့ဖ်ဖန်ရှင်ဖြင့်ချက်ပြုတ်ရာတွင်အစားအစာနှင့်အဖျော်ရည်သတ္တုများကိုထည့်သွင်းအသုံးပြုခြင်းများမပြုပါနှင့်။

၁၆။ MICROWAVE မုဒ်သတ်သတ်ဖြင့်ချက်ပြုတ်သောအခါ ဝါယာစင်ကိုအသုံးမပြုဖို့အကြံပြုလိုပါသည်။

၁၇။ မိုက်ခရိုဝေ့ဖ်မီးဖိုနှင့်သာသင့်တော်သောပန်းကန်ခွက်ယောက်များကိုသာအသုံးပြုပါ။

မြန်မာ

မီးဖိုကိုနေရာချခြင်း

ဤမီးဖိုသည်စားပွဲပေါ်တွင်တင်၍အသုံးပြုရန်အတွက်သာရည်ရွယ်သည်။နံရံတပ်ဘီရိုအတွင်းသို့ပရိဘောဂကြားတွင်မြှုပ်ပြီးတပ်ဆင်အသုံးပြု၍မရပါ။

၁။ မီးဖိုကိုမျက်နှာပြင်ညီ၍အောက်ခြေငြိမ်သောနေရာတွင်ထားပါ ။ဗီရိုထဲတွင်ထည့်၍မထားသင့်ပါ။မီးဖိုကောင်းမွန်စွာအလုပ်လုပ်နိုင်ရန်အတွက်လေဝင်လေထွက်ကောင်းစွာရရှိရန်လိုအပ်ပါသည်။ မီးဖို၏ထိပ်မှအပေါ်သို့ ၁၅ စင်တီမီတာအကွာနောက်နံရံနှင့် မီးဖိုကြား ၁၀စင်တီမီတာအကွာနှင့် ဘေးတစ်ဖက်တချက်စီတွင် ၅စင်တီမီတာအကွာထားရှိဖို့လိုအပ်ပါသည်။မီးဖို၏တစ်ဖက်ခြမ်းသည်နံရံကိုမျက်နှာမူ၍ထားပါကအခြားတဖက်နှင့်မီးဖို၏အပေါ်ဘက်ခြမ်းကိုလုံးဝပိတ်ဆို့မထားရ။မီးဖိုတွင်ရှိသောခြေထောက်များကိုမဖယ်ရှားပါနှင့်။



က။ မီးဖိုတွင်ရှိသောလေဝင်လေထွက်အပေါက်များကိုမပိတ်လိုက်ပါနှင့် ။အလုပ်လုပ်အချိန်အတွင်းလေဝင်လေထွက်များကိုပိတ်လိုက်လျှင်မီးဖိုသည်အပူလွန်ကဲခြင်းများဖြစ်နိုင်ပါသည်။မီးဖိုအပူလွန်ကဲပါကငင်းတွင်ပါဝင်သောသာမိုစတက်စ်လုံခြုံရေးကိရိယာမှစက်ကိုအလိုအလျောက်ပိတ်ပေးလိမ့်မည်။မီးဖိုအေးသွားသည့်အခါမှစက်၏လုပ်ဆောင်ချက်များပြန်လည်စတင်ပေးလိမ့်မည်။

ခ။ မီးဖိုကိုဘေစင်(သို့)လျှပ်စစ်ရှိသောနေရာပတ်ဝန်းကျင်၊ဂက်စ်မီးဖို ကဲ့သို့သော အပူ(သို့) အအေး မျက်နှာပြင်ရှိသောနေရာများနှင့်နီးကပ်စွာမထားပါနှင့် ။

ဂ။ အခန်း၏အပူချိန်သည်စိုထိုင်းစအလွန်များနေပါက မီးဖိုကိုအသုံးမပြုပါနှင့် ။

၂။ မီးဖိုသည်အိမ်တွင်သုံးရန်အတွက်သာထုတ်လုပ်ထားခြင်းဖြစ်သည်။

အစားအစာ

၁။ အိမ်လုပ်စည်သွပ်ဗူး (သို့)မည်သည့်ပိတ်ထားသည့်အိုးကိုမဆိုသင်၏မီးဖိုထဲထည့်၍အသုံးမပြုပါနှင့်။ဖိအားများဖြစ်တည်၍အိုးပေါက်ကွဲနိုင်ပါသည်။ထပ်ဆင့်ပြောရလျှင်မိုက်ကရိုဝေ့ဖ်မီးဖိုသည်မှန်ကန်သောစည်သွပ်ဗူးအပူချိန်တွင်အစားအစာကိုမထိန်းသိမ်းနိုင်ပါ။မလျော်ကန်သောစည်သွပ်ဗူးအစာများသည်ပျက်စီးယိုယွင်းပြီးစားသုံးရန်အန္တရာယ်ရှိသည်။

၂။ ကြွပ်ကြွပ်ကြော်ခြင်းကိုမိုက်ခရိုဝေ့ဖ်မီးဖိုတွင်မပြုလုပ်ပါနှင့်။

၃။ အကာရှိသောဥများကိုမပြုတ်ပါနှင့် (ချက်ပြုတ်သည့်စာအုပ်တွင်ဖော်ပြမထားလျှင်)ဖိအားများဖြစ်တည်၍ဥများပေါက်ကွဲနိုင်ပါသည်။

၄။ အာလူး၊ပန်းသီး၊ဥအနှစ်၊အစာအပြည့်သွပ်ထားသောအစားအစာများနှင့်ဝက်အူချောင်းတို့သည်မစိမ့်ဝင်နိုင်သောအခွံရှိသည့်အစားအစာများဖြစ်ကြသည်။ပေါက်ကွဲခြင်းမဖြစ်ပေါ်စေရန်ထိုကဲ့သို့သောအစားအစာများကိုမချက်ပြုတ်မီဖောက်ထားဖို့လိုအပ်ပါသည် ။

၅။ အဖျော်ယမကာ၊အချဉ်ရည်၊ဟင်းရည်ကဲ့သို့သောအရည်များကိုမိုက်ခရိုဝေ့ဖ်မီးဖိုတွင်အပူပေးသောအခါပွက်ပွက်ဆူသောပူဖောင်းများဖြစ်ပေါ်ခြင်းမရှိဘဲရေဆူအမှတ်ကိုကျော်လွန်သွားခြင်းများဖြစ်နိုင်သည်။ ရုတ်တရက်ရေဆူခြင်းများဖြစ်နိုင်သည်။ ဤဖြစ်နိုင်ခြေများကိုတားဆီးရန်အတွက်အောက်ပါအဆင့်များကိုလုပ်ဆောင်သင့်ပါသည်။

က။ ရေဗူးကဲ့သို့ဒေါင်လိုက်ဗူးများအသုံးပြုခြင်းကိုရှောင်ပါ။

ခ။ အပူမလွန်ပါစေနှင့်။

ဂ။ ဗူးကိုမီးဖိုထဲမထည့်မီနှင့်ချက်ပြုတ်သည့်အချိန်တစ်ဝက်လောက်အကြာတွင်အရည်ကိုမွှေပေးပါ။

ဃ။ အပူပေးပြီးနောက်မီးဖိုထဲခဏဆက်ထားပါ။ ဗူးကိုဂရုတစိုက်မဖယ်မီထပ်မွှေပါ။

င။ အဖျော်ရည်များမိုက်ခရိုဝေ့ဖ်ဖြင့်အပူပေးခြင်းသည်ပွက်ပွက်ဆူ၍စင်ထွက်ခြင်းများဖြစ်နိုင်သည်။ထို့ကြောင့်ဗူးကိုကိုင်တွယ်ထုတ်ယူရာတွင်သတိကြီးစွာထားသင့်သည်။

၆။ မိုက်ခရိုဝေ့ဖ်မီးဖိုတွင်ရိုးရိုးအသားအပူချိန်တိုင်းကိရိယာကိုအသုံးမပြုပါနှင့် ။အသားကင်ရာတွင် ကြက်သားကင်ခြင်းများပြုလုပ်ရာတွင်အသား၏အပူချိန်ဒီဂရီကိုတိုင်းတာရန်အတွက်မိုက်ခရိုဝေ့ဖ်သာမိုမီတာကိုအသုံးပြုပါ ။နောက်တမျိုးအနေဖြင့် မီးဖိုမှအသားကိုထုတ်ပြီးသောအခါတွင်မှအသား၏အပူချိန်ကိုတိုင်းရန်ရိုးရိုးအသားတိုင်းသာမိုမီတာကိုအသုံးပြုနိုင်သည်။အစားအသောက်များမကျက်သေးပါကမီးဖိုတွင်ပြန်တင်၍အကြံပြုထားသောမီးအားအတိုင်းမိနစ်အနည်းငယ်အကြာပို၍ချက်ပြုတ်ပါ။ကြက်သားနှင့်အခြားသောအသားများချက်ပြုတ်ရာတွင်သေချာစွာကျက်ဖို့အလွန်အရေးကြီးပါသည်။

၇။ ချက်ပြုတ်လမ်းညွှန်တွင်ပေးထားသောချက်ပြုတ်ချိန်များသည်ခန့်မှန်းခြေမှသာဖြစ်သည်။သုံးစွဲသောအိုးခွက်များ၊အစားအစာ၏ပုံသဏ္ဌာန်၊အရွယ်အစား၊ထုထည်၊အမြင့်၊စတင်သောအပူချိန်၊အစိုပါဝင်မှုဒီဂရီတို့သည်ချက်ပြုတ်ချိန်ကိုအကျိုးသက်ရောက်စေနိုင်သောအချက်များဖြစ်သည်။

၈။ အကျက်လွန်သောအစားအစာများထက်မကျက်တကျက်အစားအစာများကပိုကောင်းသည်။အစားအစာမကျက်သေးလျှင်မီးဖိုကိုဖွင့်၍ထပ်မံချက်ပြုတ်ပါ။အစားအစာအကျက်လွန်သွားပါကဘာမှပြုပြင်၍ရတော့မည်မဟုတ်ပါ။အနိမ့်ဆုံးချက်ပြုတ်ချိန်ဖြင့်အမြဲစတင်ချက်ပြုတ်ဖို့အကြံပြုလိုပါသည်။

၉။ မိုက်ခရိုဝေ့ဖ်မီးဖိုတွင်ပြောင်းဖူးပေါက်ပေါက်ကိုချက်ပြုတ်ရာတွင်အထူးသတိထားဖို့လိုအပ်သည်။ချက်ပြုတ်ချိန်အနိမ့်ဆုံးတွင် ထား၍ချက်ပြုတ်ဖို့ထုတ်လုပ်သူကအကြံပြုထားပါသည်။မိုက်ခရိုဝေ့ဖ်မီးဖိုကိုလမ်းညွှန်တွင်ညွှန်ကြားထားသည့်ပုံအားအတိုင်းအသုံးပြုပါ။ပြောင်းဖူးပေါက်ပေါက်သံမည်သောအခါအနားတွင်လူမရှိဘဲမချက်ပြုတ်ပါနှင့်။

၁၀။ အစားအစာထည့်ထားသည့်ပလတ်စတစ်ဗူး၊စက္ကူဗူးများကိုနွေးပေးသောအခါလောင်ကျွမ်းမှုဖြစ်ပေါ်နိုင်သောကြောင့်မီးဖိုကိုမကြာခဏကြည့်ရှုပါ။

၁၁။ မီးလောင်မှုကိုရှောင်ရှားရန်အတွက် နို့ထည့်ထားသောနို့ဗူး၊ကလေးအစားအစာဗူးကိုမွှေခြင်း(သို့) လှုပ်ခြင်းများပြုလုပ်ပြီးအပူချိန်ကိုစစ်ဆေးရန်လိုအပ်ပါသည်။

အသွင်အပြင်ပုံကြမ်း



မြန်မာ

① မီးဖိုအထဲသို့ကြည့်နိုင်သောအပေါက်

② သေးကင်းလုံခြုံသောတံခါးလော့ခ်စနစ်

③ တံခါးဖွင့်သည့်ခလုတ်

တံခါးဖွင့်ရန်ဤအရာကိုတွန်းပါ။ချက်ပြုတ်နေစဉ်အတွင်းမီးဖို၏တံခါးကိုဖွင့်ပါကစက်မှပြုလုပ်နေသောချက်ပြုတ်သည့်လုပ်ငန်းစဉ်သည်သင်ပယ်ဖျက်ခြင်းမရှိဘဲရပ်တန့်သွားပါလိမ့်မည်။မီးဖိုတံခါးကိုပိတ်လိုက်ပြီး start ဟုခေါ်သည့်မီးဖိုအပြင်ဘက်ရှိခလုတ်ကိုစတင်နှိပ်လိုက်သည်နှင့်ချက်ပြုတ်ခြင်းစတင်ပါသည်။မီးဖိုတံခါးဖွင့်သည့်အခါတိုင်းမီးဖိုအတွင်းရှိမီးသည်လင်းလာပါလိမ့်မည်။ပရိုဂရမ်ဖြင့်ချက်ပြုတ်နေစဉ်အတွင်းမည်သည့်အချိန်တွင်မဆိုမီးဖိုတံခါးကိုဖွင့်လျှင်အန္တရာယ်မရှိပါ။မိုက်ကရိုဝေ့ဗ်ဓာတ်ရောင်ခြည်ဖြင့်ထိတွေ့နိုင်သောအန္တရာယ်မရှိပါ။

④ ထိန်းချုပ်နိုင်သည့်မျက်နှာပြင်

⑤ ဖန်ဗန်း

က ဘီးလုံးကွင်းနှင့်ဖန်ဗန်းကိုနေသားတကျမထားပဲမီးဖိုကိုမမောင်းနှင်ပါနှင့်။

ခ ဤမီးဖိုအတွက်ဒီဇိုင်းထုတ်ထားသောဖန်ဗန်းကိုသာသုံးပါ။အခြားသောဖန်ဗန်းများဖြင့်အစားထိုးအသုံးမပြုပါနှင့်။

ဂ ဖန်ဗန်းသည်ပူနေပါကသန့်ရှင်းရေးနှင့်ရေထဲတွင်စိမ်မထားမီအအေးခံထားပါ။

ဃ ဖန်ဗန်းပေါ်တွင်တိုက်ရိုက်တင်၍အစားအစာများကိုမချက်ပြုတ်ပါနှင့်။အစားအစာများကိုမိုက်ခရိုဝေ့ဗ်မီးဖိုနှင့်သင့်လျော်သောပန်းကန်(သို့)ပန်းကန်ခွက်ထဲရှိစင်ပေါ်တွင်အမြဲချက်ပြုတ်ပါ။

င ဖန်ဗန်းပေါ်ရှိအစားအစာ(သို့) ပန်းကန်ခွက် ၊ယောက်များသည်မီးဖိုနံရံနှင့်ထိနေပါကဗန်းလည်ခြင်းရပ်သွားပြီးဆန့်ကျင်ဘက်အရပ်(သို့)အလိုအလျောက်ပြောင်း၍လည်လိမ့်မည်။ဤသည်မှာပုံမှန်ဖြစ်စဉ်သာဖြစ်သည်။

⑥ ဘီးလုံးကွင်း

က ဆူညံသံများမထွက်စေရန်ဘီးလုံးကွင်းကိုပုံမှန်သန့်ရှင်းရေးပြုလုပ်သင့်သည်။

ခ ဘီလုံးကွင်းနှင့်ဖန်ဗန်းကိုတစ်ပြိုင်နက်အသုံးပြုသင့်သည်။

⑦ စက်၏သက်သေခံအပြား

⑧ မီးဖို၏လေဝင်လေထွက်အပေါက်

⑨ မိုက်ခရိုဝေ့ဗ်ဓာတ်ရောင်ခြည်အပြင်မထွက်စေရန်ကာထားသောအဖုံး(မဖယ်လိုက်ပါနှင့်)

⑩ စကာစင်

က။ မီးဖိုတွင်ပါဝင်သောစကာစင်သည်ဟင်းလျာများကိုအရောင်ကောင်းမွန်စေရန်ထောက်ပံ့ပေးသည်။

ခ။ စကာစင်ကိုပုံမှန်သန့်ရှင်းရေးပြုလုပ်ပါ။

ဂ။ Grill (သို့) Combination မုဒ်တွင်စကာစင်ကိုအသုံးပြုသောအခါအပူခံဖူးများကိုဂရုတစိုက်ရွေးချယ်ပါ။ပလတ်စတစ်ဖူး၊စက္ကူဖူးများသည်ကင်ခြင်းမှအပူလှိုင်းများကြောင့်အရည်ပျော်ခြင်း(သို့)လောင်ကျွမ်းခြင်းများဖြစ်နိုင်သောကြောင့်ဖြစ်ပါသည်။

ဃ။ Combination မုဒ်ကိုအသုံးပြု၍ချက်ပြုတ်သောအခါအလူမီနီယမ်(သို့) သတ္တုဖူးကိုစကာစင်ပေါ်တွင်တိုက်ရိုက်မတပ်ထားပါနှင့်စကာစင်နှင့်အလူမီနီယမ်ဖူးကြားတွင်ပန်းကန်တချပ်အမြဲထားဖို့လိုအပ်ပါသည်။ထိုသို့ပြုလုပ်ခြင်းဖြင့်မီးဖိုပျက်ဆီးခြင်းကိုဖြစ်စေနိုင်သောမီးဖွားထွက်ခြင်းမှကာကွယ်နိုင်သည်။

င။ Microwave မုဒ်တွင်သာထား၍ချက်ပြုတ်ရာတွင်စကာစင်ကိုအသုံးမပြုပါနှင့်။

အသွင်အပြင်ပုံကြမ်း

⑪ **သတိပေးစာ**

NN-GD37HBYTE /YUE/YPQ မော်ဒယ်များအတွက်မီးဖိုအတွက်မီးဖို၏အနောက်ကျောဖက်တွင်သတိပေးစာနှစ်ခုကပ်ထားသည်။

⑫ **ပါဝါကြိုး**

⑬ **ပါဝါပလပ်**

⑭ **မီးနူးလေဘယ်လ်**

⑮ **အဆို့(မပြောင်းလဲနိုင်သော)**

မီးဖို၏နောက်ကျောဖက်ရှိလေဝင်လေထွက်ကောင်းမွန်ရရှိနိုင်ရန်ထောက်ပံ့ပေးနိုင်သောအဆို့

⑯ **အကာင်ကာင်သည့်လျှပ်စစ်အပူဓာတ်ထုတ်အစိတ်အပိုင်း**

⑰ **မီးဖိုအတွင်းရှိမီး**

တံခါးဖွင့်သောအချိန်နှင့်ချက်ပြုတ်သောအချိန်တွင်မီးဖိုအတွင်းရှိမီးလင်းလိမ့်မည်။

မှတ်ချက်

၁။ ဤသရုပ်ဖော်ချက်သည်အကိုးအကားသက်သက်သာဖြစ်သည်။

၂။ ဖန်ဗန်းနှင့်စကာစင်သည်ဤမီးဖို၏ဆက်စပ်ပစ္စည်းများသာဖြစ်သည်။အခြားသောချက်ပြုတ်ရာတွင်အသုံးပြုသောဤလမ်းညွှန်တွင်ဖော်ပြထားသည့်အိုးခွက်ပန်းကန်များသည်သီးသန့်ဝယ်ယူရမည့်ပစ္စည်းများဖြစ်သည်။

ထိန်းချုပ်နိုင်သည့်မျက်နှာပြင်



(၁) **လုပ်ဆောင်ချက်များကိုပြသည့်နေရာ**

(၂) **မိုက်ခရိုပါဝါခလုတ်**

(၃) **အကင်အကင်ရာတွင်သုံးသည့်ခလုတ်**

(၄) **အစားအစာများကိုပေါင်းရာတွင်သုံးသည့်ခလုတ်**

(၅) **အစားအစာများကိုပြန်နွေးရာတွင်သုံးသည့်ခလုတ်**

(၆) **မိမိချက်ပြုတ်ချင်သည့်အစားအစာအမျိုးအစားကိုရွေးချယ်၍အလိုအလျောက်ချက်ပြုတ်နိုင်စေရန်အသုံးပြုသည့်ခလုတ်များ**

(၇) **အလိုအလျောက်ပြန်နွေးရာတွင်သုံးသည့်ခလုတ်**

(၈) **လှည့်ရသောအဝိုင်း**
ဤအဝိုင်းကိုလှည့်ခြင်းအားဖြင့်အစားအသောက်၏အလေးချိန် (သို့)အချိန်ကိုညှိနိုင်သည်။ထို့အပြင်ဤအဝိုင်းကိုမိမိလိုချင်သောအချိန်ကိုပေါင်းထည့်ရာတွင်လည်းအသုံးပြုနိုင်ပါသည်။

(၉) **စက္ကန့်၃၀အတွင်းအမြန်ချက်နိုင်သည့်ခလုတ်**

(၁၀) **အချိန်များကိုရွေးချယ်သည့်ခလုတ်များ**

(၁၁) **လုပ်ဆောင်ချက်ကိုရပ်သည့်အခါ /စက်ရုံမှချိန်ညှိထားသည့်အတိုင်းဖြစ်အောင်လုပ်ရာတွင်သုံးသောခလုတ်**
မချက်ပြုတ်မီးတစ်ချက်နှိပ်ရုံဖြင့်သင်ရွေးချယ်ထားသောလုပ်ဆောင်ချက်များကိုပြန်ဖျက်နိုင်သည်။ချက်ပြုတ်နေစဉ်အတွင်းတစ်ချက်နှိပ်ရုံဖြင့်ချက်ပြုတ်ခြင်းလုပ်ဆောင်ချက်ကိုယာယီရပ်တန့်သွားစေသည်။နောက်တစ်ချက်နှိပ်ပါကသင်ရွေးချယ်ထားသောလုပ်ဆောင်ချက်အားလုံးကိုပယ်ဖျက်ပြီးသားဖြစ်သွားပြီးသင်ရောက်ရှိနေသောနေရာမှအချိန်နေ့ရက်တို့ကိုပြသောမူလစာမျက်နှာသို့ပြန်လည်ရောက်ရှိသွားပါလိမ့်မည်။

(၁၂) **စတင်ရာတွင်အသုံးပြုသည့်ခလုတ်**
တစ်ချက်နှိပ်ရုံဖြင့်သင်ရွေးချယ်ထားသောလုပ်ဆောင်ချက်များကိုစတင်နိုင်ပါသည်။စက်လည်ပတ်နေစဉ်အတွင်းတံခါးဖွင့်လျှင်(သို့) Stop/reset ခလုတ်ကိုတစ်ကြိမ်နှိပ်ထားလျှင်မီးဖိုဒလုပ်ဆောင်ချက်ကိုပြန်လည်စတင်ရန်Start ခလုတ်ကိုထပ်မနှိပ်ရပါ။

မှတ်ချက်
အကယ်၍ချက်ပြုတ်ခြင်းစတင်ပြီး Startခလုတ်ကိုမနှိပ်ပါက (၆) မိနစ်ကြာသောအခါမီးဖိုသည်ချက်ပြုတ်သည့်လုပ်ငန်းစဉ်ကိုအလိုအလျောက်ပယ်ဖျက်သွားပြီးအချိန်နာရီပြထားသောမူလနေရာသို့ပြန်လည်ရောက်ရှိသွားပါလိမ့်မည်။

တတီတီမြည်သံ
လုပ်ဆောင်ချက်စတင်လုပ်ဆောင်ရန်ခလုတ်များကိုနှိပ်လိုက်သောအခါတတီတီမြည်သံကိုသံကိုကြားရပါလိမ့်မည်။
အကယ်၍သင်သည်ခလုတ်ကိုနှိပ်ပြီးသော်လည်းတတီတီမြည်သံကိုမကြားရလျှင်သင်၏မိုက်ခရိုဝေ့ဖ်မီးဖိုသည်အလုပ်မလုပ်ခြင်း(သို့)သင်၏ညွှန်ကြားချက်များကိုလက်မခံနိုင်ခြင်းတို့ကြောင့်ဖြစ်ပါသည်။စက်လည်ပတ်နေစဉ်အတွင်းမိုက်ခရိုဝေ့ဖ်မီးဖိုမှတတီတီမြည်သံ (၅)ကြိမ်ထွက်ပေါ်လာပါလိမ့်မည်။

ချက်ပြုတ်သင့်သည့်ပုံစံ

အောက်တွင်ဖော်ပြထားသောကားချပ်များသည်ဆက်စပ်ပစ္စည်းနမူနာများဖြစ်သည်။အသုံးပြုသောချက်ပြုတ်နည်း၊ပန်းကန်ခွက်များပေါ်မူတည်၍ကွဲပြားနိုင်သည်။

ချက်ပြုတ်သင့်သည့်ပုံစံ	အသုံးပြုပုံ	အသုံးပြုရမည့်ဆက်စပ်ပစ္စည်းများ	ဗူးများ
မိုက်ကရိုဝေ့ဖ် 	• အရည်ပျော်စေခြင်း • နွေးခြင်း • အရည်ပျော်ခြင်းထောပတ်၊ချောကလတ် ချိစ် • ငါး၊ဟင်းသီးဟင်းရွက်အသီးအနှံ၊ဥများကိုချက်ပြုတ်ခြင်း • ပြုင်ဆင်ခြင်း ယို၊သစ်သီးပြုတ်၊ဝက်အူချောင်း၊အဝါရောင်အချိုရည်ပျစ်၊အစာသွပ်မုန့်၊သကြားလုံးအမာစား အ သား၊ငါး • အညိုရောင်မသမ်းစေပဲကိတ်မုန့်ဖုတ်ခြင်း	–	မိုက်ကရိုဝေ့ဖေဖြင့်ချက်ပြုတ်နိုင်သော(ဥပမာ တံဆိပ်ပန်းကန်များ(သို့)ပန်းကန်လုံးများ) ဖန်ဗန်းပေါ်သို့တိုက်ရိုက်တင်ပါ။ သတ္တုမပါရပါ
ကင်ခြင်း 	• ငါးအသားများ၊အသားလွှာများကင်ခြင်း • ကင်ခြင်း	စကာစင်	–
or 	• အညိုရောင်သန်းနေသောချိစ်အပေါ်မှဖြန်း၍ချက်ထားသောဟင်းများ(သို့)ခွက်ထဲ၌အသား(သို့)အသီးကိုအဆာထည့်၍ဖုံးထားသောမုန့်တစ်မျိုး	–	သတ္တု(သို့)အပူခံခွက်ကိုတိုက်ရိုက်ဖန်ဗန်းပေါ်သို့တပ်ပါ။
ပေါင်းစပ်ချက်ပြုတ်ခြင်း 	• အမဲသားတုံးနှင့်ကြက်သားတုံးများကိုကင်ခြင်း	စကာစင်	သတ္တုခွက်ကိုမသုံးရပါ
(သို့) 	• အီတာလျံပါစတာတစ်မျိုး၊အသား၊အာလူး(သို့)ချိစ်ဖြန်းထားသောဟင်းသီးဟင်းရွက်ချက်ပြုတ်ခြင်း • အညိုရောင်မသမ်းစေပဲကိတ်မုန့်ဖုတ်ခြင်း	–	မိုက်ကရိုဝေ့ဖ်တွင်အသုံးပြုနိုင်သောအပူဒဏ်ခံနိုင်သောပန်းကန်၊ခွက်ကိုဖန်ဗန်းပေါ်သို့တိုက်ရိုက်တင်ပါ။ သတ္တုခွက်ကိုမသုံးရပါ

ချက်ပြုတ်သင့်သည့်ပုံစံ

	မိုက်ကရိုဝေ့ဗ်	အကင်	ပေါင်းစပ်ချက်ခြင်း
စကာစင် (မီးဖို၏ဆက်ပစ္စည်း) 	မသုံးရပါ	သုံးနိုင်သည်	သုံးနိုင်သည်
အလူမီနီယမ်သတ္တုပါး	အကာအရံအတွက်	သုံးနိုင်သည်	အကာအရံအတွက်
ကြွေဗန်း	သုံးနိုင်သည်	သုံးနိုင်သည်	သုံးနိုင်သည်
ဖန်ထည်ကြွေထည်ပစ္စည်း	သုံးနိုင်သည်	မသုံးရပါ	မသုံးရပါ
အညိုရောင်စက္ကူအိတ်များ	မသုံးရပါ	မသုံးရပါ	မသုံးရပါ
ညစာတည်ခင်းရာတွင်သုံးသည့်ပန်းကန်ခွက်များ (မီးဖို၊မိုက်ကရိုဝေ့ဗ်တွင်သုံးနိုင်သော)	သုံးနိုင်သည်	သုံးနိုင်သည်	သုံးနိုင်သည်
မိုက်ကရိုဝေ့ဗ်အပူဒဏ်မခံနိုင်သောပန်းကန်၊ခွက်များ	မသုံးရပါ	မသုံးရပါ	မသုံးရပါ
တစ်ခါသုံးစက္ကူဖူး paperboard containers	သုံးနိုင်သည် *	သုံးနိုင်သည် *	သုံးနိုင်သည် *
ဖန်ထည်ပစ္စည်းများ (မီးဖိုတွင်သုံးနိုင်သောဖန်ထည်ကြွေထည်များ)	သုံးနိုင်သည်	သုံးနိုင်သည်	သုံးနိုင်သည်
အပူဒဏ်မခံနိုင်သော	မသုံးရပါ	မသုံးရပါ	မသုံးရပါ
သတ္တုချက်ပြင်သည့်ပစ္စည်းများ	မသုံးရပါ	သုံးနိုင်သည်	မသုံးရပါ
သတ္တုဖြင့်ပြုလုပ်ထားသည့်လိမ်နိုင်သည့်ကြိုး	မသုံးရပါ	သုံးနိုင်သည်	မသုံးရပါ
မီးဖိုတွင်ချက်ပြုတ်နိုင်သောပလတ်စတစ်အိတ်	သုံးနိုင်သည်	သုံးနိုင်သည်	သုံးနိုင်သည်
စက္ကူ၊မျက်နှာသုတ်ပုဝါနှင့်လက်သုတ်ပုဝါ	သုံးနိုင်သည်	မသုံးရပါ	မသုံးရပါ
အရည်ဖျော်မည့်ပစ္စည်းတင်ပလတ်စတစ်ဗန်း	သုံးနိုင်သည်	မသုံးရပါ	မသုံးရပါ
ပလတ်စတစ်ခွက်များ (မိုက်ကရိုဝေ့ဗ်၏အပူဒဏ်ခံနိုင်သောပန်းကန်ခွက်)	သုံးနိုင်သည်	မသုံးရပါ	မသုံးရပါ
(မိုက်ကရိုဝေ့ဗ်၏အပူဒဏ်မခံနိုင်သောပန်းကန်ခွက်)	မသုံးရပါ	မသုံးရပါ	မသုံးရပါ
မိုက်ကရိုဝေ့ဗ်တွင်သုံးနိုင်သောထုပ်ပိုးပလတ်စတစ်	သုံးနိုင်သည်	မသုံးရပါ	မသုံးရပါ
ကျူရိုး၊ကြိမ်၊သစ်သားဖြင့်လုပ်သောအသုံးအဆောင်	သုံးနိုင်သည်	မသုံးရပါ	မသုံးရပါ
သာမိုမီတာများ (မိုက်ကရိုဝေ့ဗ်အတွက်လုံခြုံသောသာမိုမီတာ)	သုံးနိုင်သည်	မသုံးရပါ	မသုံးရပါ
ပုံမှန်သုံးပန်းကန်ခွက်များ	မသုံးရပါ	သုံးနိုင်သည်	မသုံးရပါ
ဖယောင်းစက္ကူ	သုံးနိုင်သည်	သုံးနိုင်သည်	သုံးနိုင်သည်
ဆီလီကွန်မုန့်ဖုတ်ပစ္စည်းများ	သုံးနိုင်သည် *	သုံးနိုင်သည် *	သုံးနိုင်သည် *

* အပူဒဏ်ကိုခံနိုင်ရည်ရှိရမည်(သို့)ချက်ပြုတ်နည်းကိုလိုက်နာရမည်ဆိုသည့်ထုတ်လုပ်သူများ၏ထောက်ခံချက်ကိုစစ်ဆေးပါ။

နာရီတိုက်ခြင်း

မိုက်ကရိုဝေ့ဖ်မီးဖိုကိုနာရီမတိုက်ပဲသုံးနိုင်သည်။



၂ချက်နှိပ်ပါ။
၁. ပုံဖော်မျက်နှာပြင်တွင်အစက် ၂စက် မှိတ်တုပ်မှိတ်တုပ်ပေါ်နေမည်။

ဒိုင်ခွက်ကိုလှည့်အချိန်တိုက်ပါ။
၂. ပုံဖော်မျက်နှာပြင်တွင်အချိန်ပေါ်လာမည်။ အစက်နှစ်စက်မှိတ်တုပ်မှိတ်တုပ်ခုန်နေမည်။

တချက်နှိပ်ပါ။
၃. အချိန်တိုက်ပြီးသွား၍အစက် ၂စက်မခုန်တော့ဘဲ ရပ်သွားပြီးနာရီသည်ပုံဖော်မျက်နှာပြင်တွင်ပြသ နေမည်။အချိန်ကိုမိနစ်ဖြင့်ရေတွက်နိုင်သည်။

မှတ်ချက်
၁. အချိန်ပြန်တိုက်ရန်အတွက်ဖော်ပြပါအဆင့်၁မှ၃အထိပြန်လုပ်ဆောင်ပါ။
၂. လျှပ်စစ်မီးရှိပြီးပလပ်တပ်ထားသရွေ့နာရီသည်ပုံဖော်မျက်နှာပြင်တွင်ဖော်ပြနေမည်။
၃. နာရီသည်၁၂နာရီထိဖော်ပြသောအမျိုးအစားဖြစ်သည်။
၄. အစက်ကလေးမှိတ်တုပ်မှိတ်တုပ်ဖြစ်နေချိန်တွင်မီးဖိုအလုပ်မလုပ်ပါ။

ကလေးလုံခြုံရေးဆိုင်ရာစနစ်ကိုချိန်ညှိခြင်း

၎ဖန်ရှင်ကကလေးသူငယ်များ၎စက်ကိုအသုံးပြုခြင်းမှကာကွယ်ထားသည်။သို့သော်တံခါးကိုဖွင့်နိုင်သည်။အစက် ၂စက်(သို့)အချိန်ကိုဖော်ပြနေသောအချိန်တွင်၎အင်္ဂါရပ်ကိုချိန်ညှိနိုင်သည်။

သတ်မှတ်ရန်

သုံးကြိမ်နှိပ်ပါ
အစက် ၂စက်(သို့)အချိန်သည်ပုံဖော်မျက်နှာပြင်တွင် ပျောက်သွားလိမ့်မည်။အမှန်တကယ်အချိန်ပျောက်ဆုံးမည်မဟုတ်ပါ။

“ ” သည်ပုံဖော်မျက်နှာပြင်တွင်ပေါ်လာမည်။

ဖျက်သိမ်းရန်

Stop/Reset ကိုသုံးကြိမ်နှိပ်ပါ

အစက် ၂စက်(သို့)အချိန်သည်ပုံဖော်မျက်နှာပြင်တွင်ပြန်ပေါ်လာမည်။

ကလေးလုံခြုံရေးဆိုင်ရာစနစ်ကိုသတ်မှတ်ခြင်း(သို့)ဖျက်သိမ်းရန် start (သို့) stop/reset ခလုတ်ကို ၁၀စက္ကန့်အတွင်းသုံးကြိမ်နှိပ်ပါ။

မိုက်ကရိုဝေ့ဖ်စွမ်းအင်ကိုချိန်ညှိခြင်း

၁။ **မိုက်ကရိုဝေ့ဖ်၏မီးပြင်းအဆင့်ကို ခလုတ်ကိုနှိပ်၍ရွေးချယ်ပါ။**
(အောက်ဖော်ပြပါဇယားကိုကြည့်ပါ။)

၂။ **ချက်ပြုတ်သည့်အချိန်ကိုသတ်မှတ်ပါ။**
ချက်ပြုတ်ရမည့်အချိန်ကိုဒိုင်ခွက်ကိုလှည့်၍ရွေးပါ။
(၁၀၀၀ ဝပ်း မိနစ်၃၀အထိကြာနိုင်)
အခြားမီးပြင်းအား – ၁နာရီ၃၀မိနစ်အထိကြာနိုင်သည်။

၃။ **start ကိုနှိပ်ပါ။**
ပုံဖော်မျက်နှာပြင်တွင်ဖော်ပြသောအချိန်သည်စတင်ရေတွက်သည်။

နှိပ်ရန်အချက်	မီးပြင်းအားအဆင့်	အသုံးပြုမှုဥပမာ
တစ်ချက်နှိပ်	၁၀၀၀ဝပ်(အားပြင်း)	ရေနွေး၊နွေးခြင်း၊ဟင်းသီးဟင်းရွက်ထည့်ခြင်း၊ထမင်း၊ပါစတာနှင့်ခေါက်ဆွဲချက်ပြုတ်ခြင်း
နှစ်ချက်နှိပ်	၈၀၀ဝပ်(အလယ်အလတ်မြင့်)	ချက်ပြုတ်ခြင်း၊အသား၊ကြက်သား၊ကိတ်မုန့်များ၊အချိုပွဲများချက်ခြင်း၊နို့ကိုအပူပေးခြင်း
သုံးချက်နှိပ်	၆၀၀ဝပ်(အလယ်အလတ်)	အမဲသား၊သိုးသား၊ဥများ၊ငါးနှင့်ပင်လယ်စာများချက်ပြုတ်ခြင်း၊ထောပတ်ကိုအရည်ဖျော်ခြင်း
လေးချက်နှိပ်	၄၀၀ဝပ်(အလယ်အလတ်နိမ့်)	ဟင်းချို၊စွပ်ပြုတ်(နူးညံ့သောအသားပိုင်းများ)
ငါးချက်နှိပ်	၃၀၀ဝပ်(အရည်ပျော်စေခြင်း)	အရည်ဖျော်အစားအစာများ
ခြောက်ချက်နှိပ်	၁၀၀ဝပ်(အနိမ့်)	ချက်ပြုတ်ထားသောအစားအစာများကိုနွေးခြင်း၊မီးအားနည်းနည်းဖြင့်တည်နိုင်သည်။

မှတ်ချက်

၁။ ချက်ပြုတ်ရန်အတွက်အဆင့်၃ဆင့်ထက်ပိုသောပရိုဂရမ်များကိုစီစဉ်နိုင်သည်။ချက်ပြုတ်ခြင်း ၂ဆင့်(သို့)၃ဆင့်အတွက် **Start** ခလုတ်ကိုမနှိပ်မီအဆင့်၁နှင့် ၂ကို ထပ်မံလုပ်ဆောင်ပါ။စက်အလုပ်လုပ်သည့်အခါအဆင့်တစ်ဆင့်နှင့်နောက်တစ်ဆင့်ကြားတွင်တတီတီမည်ဆဲ ၂ခုကြားရလိမ့်မည်။(အသေးစိတ် အတွက်စာမျက်နှာ ၂၆ကိုကြည့်ပါ။
၂။ သင်လိုအပ်လျှင်ချက်ပြုတ်နေစဉ်အတွင်းချက်ပြုတ်ချိန်ကိုပြောင်းလဲနိုင်သည်။ချက်ပြုတ်သည့်အချိန်ကိုတိုးရန်(သို့)လျှော့ချရန်ဒိုင်ခွက်ကိုလှည့်ပါ။အချိန်ကို၁၀မိနစ်ထိ၁မိနစ်စီတိုးနိုင်/လျှော့နိုင်သည့်ဒိုင်ခွက်ကိုသုညထိလှည့်ခြင်းသည်ချက်ပြုတ်ခြင်းကိုအဆုံးသတ်လိမ့်မည်။
၃။ မိုက်ကရိုဝေ့ဖ်ဖြင့်ချက်ပြုတ်စဉ်တွင်သတ္တုဗူးများကိုအသုံးမပြုပါနှင့်။
၄။ မိုက်ကရိုဝေ့ဖ်မီးအားနှင့်အချိန်ကိုတိုက်ပြီးသောအခါရပ်နားချိန်ကိုသတ်မှတ်နိုင်သည်။အချိန်သတ်မှတ်၍အသုံးပြုခြင်းစာမျက်နှာ ၂၅ကိုကိုးကားပါ။
၅။ ချက်ပြုတ်ချိန်သည်၆၀မိနစ်ထက်ကျော်လွန်ပါကအချိန်သည်ပုံဖော်မျက်နှာပြင်တွင်နာရီနှင့်မိနစ်ကိုဖော်ပြမည်။

မိုက်ကရိုဝေ့ဖ်သုံး၍အရည်ဖျော်ခြင်းကိုချိန်ညှိခြင်း

အရည်ဖျော်ချိန်ကိုသင်ကိုယ်တိုင်သတ်မှတ်လိုလျှင်ဤခလုတ်ကိုရွေး၍အောက်ပါအတိုင်းလုပ်ဆောင်ပါ။

၁။ ၃၀၀ဝပ်အားအတွက်၅ကြိမ်နှိပ်ပါ။

၂။ အရည်ဖျော်ချိန်ကိုဒိုင်ခွက်ကိုလှည့်၍သတ်မှတ်ပါ။
(၁နာရီနှင့်မိနစ်၃၀ထိကြာနိုင်သည်။)

၃။ **Start** ကိုနှိပ်ပါ
အရည်ဖျော်မည့်အချိန်သည်ပုံဖော်မျက်နှာပြင်တွင်ပေါ်လာပြီးအချိန်စတင်ရေတွက်ပါသည်။

အမြန်အရည်ဖျော်ခြင်းအတွက်ချိန်ညှိခြင်း

ဤဖန်ရှင်ကသင့်အား၊ကြက်သားနှင့်ပင်လယ်စာများကိုအလေးချိန်ချိန်ညှိရုံဖြင့်အလိုအလျောက်၀.၁ကီလိုဂရမ်မှ ၂ကီလိုဂရမ်ထိအေးခဲနေသောအစားအစာများကိုအရည်ပျော်စေနိုင်ပါသည်။

အစားအစာ	အများဆုံးအလေးချိန်
နုပ်နုပ်စင်းထားသောအသား၊ကြက်သားတုံးများ၊ခုတ်ထားသည့်အသားများ	၂ကီလိုဂရမ်
အမဲသားကင်၊သိုးသား၊ကြက်တကောင်လုံး	၂ကီလိုဂရမ်
ငါးတကောင်လုံး၊ခုံးကောင်၊ပုစွန်၊ငါး၊အသားလွှာများ	၁ကီလိုဂရမ်

၁. ၁ချက်နှိပ်ပါ

၂. အစားအစာ၏အလေးချိန်ကိုဒိုင်ခွက်ကိုလှည့်၍ရွေးပါ။

၃.start ကိုနှိပ်ပါ။

အရည်ဖျော်ချိန်ပုံဖော်မျက်နှာပြင်တွင်
ဖော်ပြသောအချိန်သည်စတင်ရေတွက်သည်။

အမြန်အရည်ဖျော်ခြင်းအတွက်အကြံပေးချက်များ

အရိုးနှင့်တွဲနေသောအသား ဥပမာ –အရိုးနှင့်အသားတွဲလျက်ရှိသောအသား၏အလေးချိန်သည်အသားချည်းသက်သက်အလေးချိန်နှင့်တူနေလျှင်အရိုးနှင့်အသားတွဲလျက်ရှိသောအသားမှအသား၏အလေးချိန်သည်အသားချည်းသက်သက်အလေးချိန်ထပ်ပေါ့နေမည်။ ၂ကီလိုဂရမ်အလေးချိန်ရှိအရိုးနှင့်အသားတွဲကို၀.၅ကီလိုဂရမ်လျှော့ခြင်းနှင့် ၂ကီလိုဂရမ်အလေးချိန်ထက်နည်းသောအရိုးနှင့်အသားတွဲကို၀.၂၅ကီလိုဂရမ်လျှော့ချခြင်းဖြင့်ပိုမိုကောင်းမွန်သောအေးခဲသောအသားအရည်ဖျော်ခြင်းကိုလုပ်ဆောင်နိုင်မည်။

တစီတစီမြည်သံ ၂ချက်

အမဲသား၊ကြက်သား၊ငါးနှင့်အခွံမာရေသတ္တဝါတို့ရေခဲနေသည်များကိုအရည်ဖျော်ရာတွင်ခဏကြာလျှင်တဖက်သို့ပြောင်း၍လှန်ပါ။အသားစွပ်ပြုတ်၊ကြက်သားတုံးများနှင့်အသားတုံးများကိုသီးခြားခွဲထားပါ။ဟမ်ဘာဂါမှအသားမုန့်အဖြစ်ကြက်တောင်ပံ၊အကင်အဆီ(သို့)အရိုးများစသည့်အေးခဲနေသည့်အသားများကိုအရည်ဖျော်စရာတွင်အကာအုပ်ထားဖို့လိုအပ်ပါသည်။

အရည်ဖျော်ခြင်းအတွက် အဓိကသော့ချက်

ပြန့်နှံ့စွာအရည်ဖျော်စေရန်အတွက်အစားအစာကိုလှည့်ပါ(သို့)အရည်ဖျော်နေစဉ်အတွင်းအစားအစာ၏နေရာကိုရွှေ့ပါ။

အသားစိမ်းများ၏ထုပ်ပိုးထားမှုများကိုဖယ်ရှား၍ပန်းကန်ပေါ်တင်ပါ။

ကြက်ပေါင်၏အရှေ့ဘက်ပိုင်းကိုအလူမီနီယမ်သတ္တုပါးဖြင့်ပတ်ပါ။

ငါးတကောင်လုံးမှခေါင်းနှင့်အမြီးပိုင်းကိုအလူမီနီယမ်သတ္တုပါးဖြင့်ပတ်ပါ။

ငါးအသားလွှာမှထုတ်ပိုးထားသည်များဖယ်၍ပန်းကန်ပေါ်တင်ပါ။

အကင်အတွက်ချိန်ညှိခြင်း

အကင်ကင်ခြင်းအတွက်ပါဝါအဆင့် ၂ခုရှိသည်။ကင်သောအခါအပူပေးစက်နှစ်ခုမှအပူပေးသည့်ချက်ပြုတ်သည့်အနံ့များမီးဖိုချောင်အတွင်းတွင်မပြန့်နှံ့စေရန်နှင့်သုံးစွဲသည့်စွမ်းအင်များလေလွင့်မှုစေရန်မီးဖိုတံခါးကိုပိတ်ထားရမည်။အထူးသဖြင့်အသားနှင့်ပင်လယ်စာများအပြင်ပေါင်မုန့်နှင့်အစားအစာများအတွက်ကင်၍ချက်ပြုတ်ခြင်းသည်အထူးသင့်လျော်သည်။ကင်မည့်မီးပြင်းအားကိုရွေးချယ်ပါ။ချက်ပြုတ်ချိန်သတ်မှတ်၍start ကိုနှိပ်၍ကင်ခြင်းကိုစတင်ပါ။ကင်နေစဉ်အချိန်တဝက်လောက်ကြာသောအခါအစားအစာကိုလှန်ပေးသင့်သည်။မီးဖိုတံခါးကိုဖွင့်လိုက်လျှင်ပရိုဂရမ်ဖြင့်ချက်ပြုတ်ခြင်းသည်။။ခေတ္တခဏရပ်သွားမည်။အစားအစာကိုတဖက်လှန်၍တံခါးကိုပိတ်ပါ။မီးဖိုပြန်လည်အလုပ်လုပ်ပါလိမ့်မည်။ကင်နေစဉ်အတွင်းတွင်မီးဖိုတံခါးကိုအချိန်မရွေးဖွင့်၍အစားအစာများကိုစစ်ဆေးနိုင်သည်။

၁. **အကင်မီးပြင်းအားကိုခလုတ်နှိပ်၍ရွေးချယ်ပါ။ (အောက်ဖော်ပြပါဇယားကိုကြည့်ပါ။)**

၂. **ဒိုင်ခွက်ကိုလှည့်၍ချက်ပြုတ်ချိန်ကိုသတ်မှတ်ပါ။** (၁နာရီနှင့်မိနစ်၃၀ခန့်ထိကြာနိုင်သည်။)

၃.**start ကိုနှိပ်ပါ။** ချက်ပြုတ်ချိန်သည်ပုံဖော်မျက်နှာပြင်တွင်ပေါ်လာ၍အချိန်ကိုစတင်ရေတွက်သည်။

နှိပ်ရန်	မီးပြင်းအားအဆင့်	အသုံးပြုမှုဥပမာများ
တစ်ချက်နှိပ်	အကင်၁(အပြင်းဆုံး)	ပေါင်မုန့်ကင်ခြင်း
နှစ်ချက်နှိပ်	အကင်၂(အလတ်ဆုံး)	ပင်လယ်အစားအစာပါပါး၊ကြက်သားလှော(သို့)အသား

လမ်းညွှန်ချက်များ

၁. ပေးထားသောစကာစစ်ကိုသုံးပါ။

၂. အကင်နေရာကိုကြိုတင်၍အပူပေးခြင်းမပြုပါနှင့်။

၃. အသုံးများသောအသားထုတ်ကုန်များ –ဝက်အူချောင်း၊ခုတ်ပိုင်းသားများကိုမီးအားအပြင်းဆုံး GRILL 1 ဖြင့်ချက်ပြုတ်ပါ။ဤချိန်ညှိချက်သည်ပေါင်မုန့်ဖုတ်ခြင်း၊ကိတ်မုန့်လုံးများနှင့်လက်ဖက်ရည်သောက်ရာတွင်ထားသောကွပ်ကီးစသောမုန့်များဖုတ်ရာတွင်လည်းသင့်လျော်သည်။

၄. GRILL 1 ကိုကင်ချိန်ပိုမိုလိုအပ်သောအစားအစာများတွင်သုံးသည်။ဥပမာ –ငါး(သို့)ကြက်သားတုံးများ

၅. ကင်နေစဉ်အစားအစာများကိုမဖုံးထားပါနှင့်။

၆. ကင်ပြီးသောအခါတွင်အထဲရှိအစားအစာနှင့်ဆက်စပ်ပစ္စည်းများသည်အလွန်ပူနေသောကြောင့်အစားအစာနှင့်စကာစင်ကိုမီးဖိုမှထုတ်ယူရာတွင်မီးဖိုသုံးလက်အိတ်ကိုအမြဲသုံးပါ။

၇. ကင်ပြီးသောအခါစကာစင်ကိုပြန်လည်အသုံးမပြုခင်သန့်ရှင်းရေးလုပ်ရန်ဖယ်ထုတ်ပြီးနံရံနှင့်ကြမ်းပြင်များကိုအညစ်ကြေးများ၊ဆီများဖယ်ရှားရန်အတွက်ဆပ်ပြာရေပူတွင်အဝတ်ကိုစိမ်၍ညှစ်ပြီးသုတ်၍သန့်ရှင်းရန်အရေးကြီးပါသည်။

၈. သင်လိုအပ်လျှင်ချက်ပြုတ်နေစဉ်အတွင်းချက်ပြုတ်ချိန်ကိုပြောင်းလဲနိုင်သည်။ချက်ပြုတ်သည့်အချိန်ကိုတိုးရန်(သို့)လျှော့ချရန်ဒိုင်ခွက်ကိုလှည့်ပါ။အချိန်ကို၁၀မိနစ်ထိ၁မိနစ်စီတိုးနိုင်/လျှော့နိုင်သည့်ဒိုင်ခွက်ကိုသုညထိလှည့်ခြင်းသည်ချက်ပြုတ်ခြင်းကိုအဆုံးသတ်လိမ့်မည်။

ဆက်စပ်ပစ္စည်းများအသုံးပြုရန်

ကင်သောအခါအပူခံပြားအောက်၌ခံထားသောစကာစင်ပေါ်အစားအစာကိုတိုက်ရိုက်တင်နိုင်သည်(သို့)အစားအစာကိုအပူခံဗူး(သို့)သတ္တုပြားပေါ်သို့တိုက်ရိုက်တင်ပါ။ထို့နောက်ဖန်ဗန်းပေါ်သို့တင်ပါ။



အပူခံပြားအောက်၌ခံထားသောစကာစင်



သတ္တု(သို့)အပူခံဗူး

ပေါင်းစပ်ချက်ပြုတ်ခြင်းကိုချိန်ညှိခြင်း

ဤဖန်ရှင်အတွက်မီးပြင်းအားသုံးဆင့်ပါရှိပါသည်။၎င်းသည်မိုက်ကရိုဝေ့ဖ်နှင့်အကင်ဖန်ရှင်တို့လိုပေါင်းစပ်ပေးခြင်းဖြင့်အစားအစာများကိုကင်ရန်အတွက်နည်းလမ်းကောင်းဖြစ်သည်။ ၎င်းသည်ကြက်သား၊အသားပင်လယ်စာများကိုကင်ရန်အတွက်သင့်လျော်သည်။ဤလုပ်ဆောင်ချက်ကအစားအစာများကိုကိုက်ညီစေပြီးကြွပ်ရှမှုကိုလည်းထိန်းထားပေးနိုင်သည်။ကျေးဇူးပြု၍ချက်ပြုတ်ချိန်တစ်ဝက်လောက်တွင်တစ်ဖက်သို့လှန်ပေးပါ။ထို့နောက်ဆက်၍ချက်ပြုတ်ပါ။

၁. **ခလုတ်ကိုနှိပ်၍ပေါင်းစပ်ချက်ပြုတ်မှု၏မီးပြင်းအားများကိုရွေးချယ်ပါ။**

၂. **ဒိုင်ခွက်ကိုလှည့်၍ချက်ပြုတ်ချိန်ကိုသတ်မှတ်ပါ။**
(၁နာရီနှင့်မိနစ်၃၀ခန့်ထိကြာနိုင်သည်။)

၃.**start ကိုနှိပ်ပါ။**
ချက်ပြုတ်ချိန်သည်ပုံဖော်မျက်နှာပြင်တွင်ပေါ်လာ၍အချိန်ကိုစတင်ရေတွက်သည်။

နှိပ်ရန်	မီးပြင်းအားအဆင့်	အသုံးပြုမှုဥပမာများ
တစ်ချက်နှိပ်	ပေါင်းစပ်ချက်ပြုတ်မှု၁(အပြင်းဆုံး)	အာလူးဖုတ်ခြင်း၊ကြက်တကောင်လုံးကင်ခြင်း
နှစ်ချက်နှိပ်	ပေါင်းစပ်ချက်ပြုတ်မှု၂(အလတ်စား)	အမဲသား၊သိုးသား
သုံးချက်နှိပ်	ပေါင်းစပ်ချက်ပြုတ်မှု၃(အနိမ့်စား)	ပင်လယ်စာ၊ပူတင်းများ

လမ်းညွှန်ချက်များ

၁. ချက်ပြုတ်နေစဉ်အစားအစာများမဖုံးအုပ်ထားပါနှင့်။

၂. အစားအစာများကိုထုတ်ယူရာတွင်မီးဖိုသုံးလက်အိတ်ကိုအမြဲသုံးပါ။

၃. ကိုယ်တိုင်ချိန်ညှိထားသောချက်ပြုတ်သည့်အစီအစဉ်တွင် ၂၀၀ဂရမ်ထက်နည်းသောအစားအစာများကိုမီးဖိုထဲထည့်၍ချက်ပြုတ်ခြင်းမပြုပါနှင့်။အနည်းငယ်သောအစားအစာပမာဏကိုချက်ပြုတ်ရန်ပေါင်းစပ်ချက်ပြုတ်ခြင်းဖန်ရှင်ကိုမသုံးပါနှင့်။အကောင်းဆုံးရလဒ်ရရှိရန်အကင်ဖန်ရှင်ကိုသာသုံး၍ချက်ပြုတ်ပါ။

၄. ပေါင်းစပ်ချက်ပြုတ်ရာတွင်ကင်သည့်နေရာကိုကြိုတင်၍အပူမပေးပါနှင့်။

၅. သင်လိုအပ်လျှင်ချက်ပြုတ်နေစဉ်အတွင်းချက်ပြုတ်ချိန်ကိုပြောင်းလဲနိုင်သည်။ချက်ပြုတ်သည့်အချိန်ကိုတိုးရန်(သို့)လျှော့ချရန်ဒိုင်ခွက်ကိုလှည့်ပါ။အချိန်ကို၁၀မိနစ်ထိ၁မိနစ်စီတိုးနိုင်/လျှော့နိုင်သည့်ဒိုင်ခွက်ကိုသုညထိလှည့်ခြင်းသည်ချက်ပြုတ်ခြင်းကိုအဆုံးသတ်လိမ့်မည်။

ဆက်စပ်ပစ္စည်းများအသုံးပြုရန်

ချက်ပြုတ်သောအခါမီးဖို၏အောက်ခြေရှိမိုက်ကရိုဝေ့ဖ်နှင့်အပူဒဏ်ခံနိုင်သောအပြားပေါ်တွင်တိုက်ရိုက်တပ်နိုင်သည်။(သို့)အပူဒဏ်နှင့်မိုက်ကရိုဝေ့ဖ်ဒဏ်ခံနိုင်သောအောက်ခံပြားပေါ်ရှိစကားစင်ပေါ်သို့အစားအစာကိုတိုက်ရိုက်တပ်နိုင်သည်။



အပူဒဏ်နှင့်မိုက်ကရိုဝေ့ဖ်ဒဏ်ခံနိုင်သောပန်းကန်ပြား



အပူဒဏ်နှင့်မိုက်ကရိုဝေ့ဖ်ဒဏ်ခံနိုင်သောအောက်ခံပြားပေါ်ရှိစကာစင်

"QUICK 30"ဖန်ရှင်ကိုသုံး၍ချက်ပြုတ်ခြင်း

၎င်းလုပ်ဆောင်ချက်သည်သင့်အားချက်ပြုတ်ချိန်ကိုစက္ကန့်၃၀အတွင်းလင်မြန်စွာသတ်မှတ်နိုင်အောင်ကူညီပေးသည်။



၁. QUICK 30 ခလုတ်ကိုနှိပ်၍နှစ်သက်ရာချက်ပြုတ်ချိန်ကိုသတ်မှတ်ပါ။(၅မိနစ်အထိ)နှိပ်ချက်တစ်ချက်ခြင်းစီသည်စက္ကန့်၃၀ဖြစ်သည့်အချိန်သည်ပုံဖော်ပြမျက်နှာပြင်တွင်ပေါ်လာမည်။ မီးပြင်းအားအဆင့်ကို ၁၀၀၀ ဝပ်၌သတ်မှတ်ထားသည်။

၂. **start ကိုနှိပ်ပါ။**
ချက်ပြုတ်ခြင်းစတင်သည်အချိန်ကိုပုံဖော်မျက်နှာပြင်တွင်စတင်ရေတွက်သည်။ ချက်ပြုတ်ခြင်းပြီးဆုံးလျှင်တတီတီမည်သံ၅ကြိမ်ကြားရမည်။

လမ်းညွှန်ချက်

၁. ၎င်းဖန်ရှင်ကိုမိုက်ကရိုဝေ့ဖ်ဖြင့်ချက်ပြုတ်ခြင်းအတွက်သာအသုံးပြုနိုင်သည်။ **Quick 30**ကိုမနှိပ်မီနှစ်သက်ရာမိုက်ကရိုဝေ့ဖ်မီးပြင်းအားကိုရွေးချယ်ပါ။
၂. ချက်ပြုတ်ချိန်ကို **Quick 30** ဖြင့်ရွေးချယ်ပြီးနောက်ဒိုင်ခွက်မသုံးနိုင်တော့ပါ။
၃. ပရိုဂရမ်မသုံးဘဲမိမိ၏စိတ်ကြိုက်ချိန်ညှိချက်ပြုတ်ပြီးနောက်၊မိနစ်ခန့်ကြာသည်အထိ၎င်းဖန်ရှင်သည်အလုပ်လုပ်မည်မဟုတ်ပါ။

အချိန်ထည့်သွင်းသည့်ဖန်ရှင်ကိုအသုံးပြုခြင်း

၎င်းဖန်ရှင်သည်သင့်အားယခင်ချက်ပြုတ်မှုအဆုံး၌ချက်ပြုတ်ချိန်ထည့်သွင်းခြင်းကိုခွင့်ပြုသည်။



၁. ချက်ပြုတ်ပြီးသောအခါဒိုင်ခွက်ကိုလှည့်၍အချိန်ထည့်သွင်းသည့်ဖန်ရှင်ကိုရွေးချယ်ပါ။
အများဆုံးချက်ပြုတ်ချိန်
မိုက်ကရိုဝေ့ဖ် ၊ ၁၀၀၀ ဝပ်ဖြင့်ချက်ပြုတ်လျှင်၃၀မိနစ်ကြာမည့်
အခြားမီးပြင်းအားဖြင့်ချက်ပြုတ်လျှင်၁နာရီမိနစ်၃၀ကြာမည်။
အကင်နှင့်ပေါင်းစပ်ချက်ပြုတ်ခြင်းတွင် ၊ ၁နာရီမိနစ်၃၀ကြာမည်။

၂. **start ကိုနှိပ်ပါ။**
ချက်ပြုတ်သည့်အချိန်ဖြည့်လိမ့်မည်။ပုံဖော်မျက်နှာပြင်တွင်အချိန်ကိုဖော်ပြပြီးစတင်ရေတွက်လိမ့်မည်။

မှတ်ချက်

၁. ၎င်းလုပ်ဆောင်မှုကိုမိုက်ကရိုဝေ့ဖ်၊အကင်နှင့်ပေါင်းစပ်ချက်ပြုတ်ခြင်းစသည့်ချက်ပြုတ်သည့်ပုံစံများအတွက်အသုံးပြုနိုင်သည်။အမြန်အရည်ဖျော်ခြင်းနှင့်အလိုအလျောက်ချက်ပြုတ်ခြင်း(အော်တိုနွှးခြင်းနှင့်အော်တိုမီနူး)တို့အတွက်အသုံးမပြုနိုင်ပါ။
၂. အချိန်ထည့်သည့်လုပ်ဆောင်ချက်သည်ချက်ပြုတ်ပြီး၁မိနစ်ခန့်ကြာသည်အထိအလုပ်မလုပ်သေးပါ။
၃. ချက်ပြုတ်တချိန်ထည့်သည့်ဖန်ရှင်ကိုအဆင့်(၃)ဆင့်ဖြင့်ချက်ပြုတ်ပြီးနောက်အသုံးပြုနိုင်သည်။
၄. မီးပြင်းအားအဆင့်သည်နောက်ဆုံးအဆင့်နှင့်တူညီသည်။ အကယ်၍နောက်ဆုံးအဆင့်သည်မီးဖိုအတွင်း၌အစားအစာကိုဆက်သား၍ထားသည့်အချိန်ဖြစ်နေပါကအချိန်ထည့်သွင်းသည့်ဖန်ရှင်ကိုအသုံးမပြုနိုင်ပါ။

အလိုအလျောက်ချက်ပြုတ်မှုကိုရွေးချယ်နိုင်ခြင်း

၁. နှစ်သက်ရာမီနူးဂဏန်းကိုရွေးပါ။
နှစ်သက်ရာ ခလုတ်ကိုရွေး၍နှစ်သက်ရာမီနူး
ဂဏန်းပေါ်သည်အထိနှိပ်ပါ။

၂. အစားအစာပေါ်အလေးချိန်ကိုဒိုင်ခွက်ကိုလှည့်
၍ရွေးချယ်ပါ။
(အောက်တွင်ဖော်ပြထားသောဇယားတွင်ကြည့်ပါ။)

၃. **start ကိုနှိပ်ပါ။**
ချက်ပြုတ်ချိန်သည်ပုံဖော်မျက်နှာအဖြစ်
တွင်ပေါ်လာ၍အချိန်ကိုစတင်ရေတွက်မည်။

မြန်မာ

နှိပ်ပါ Auto Reheat 自動翻熱

မီနူးနံပါတ်	မီနူးအုပ်စု	အလေးချိန်				အကြံပြုထားသောဖူးများ(သို့) ဆက်စပ်ပစ္စည်းများ
၁	အသားနွေးခြင်း	၂၀၀ဂရမ်	၄၀၀ဂရမ်	၆၀၀ဂရမ်	၈၀၀ဂရမ်	အဖုံးပါသည့်ဇောက်နက်သောအိုး
၂	ပီဇာနွေးခြင်း	၂၀၀ဂရမ်	၃၀၀ဂရမ်	၄၀၀ဂရမ်	–	စကာစင်
၃	စွပ်ပြုတ်နွေးခြင်း	၁ခွက်	၂ခွက်	၃ခွက်	၄ခွက်	မိုက်ကရိုဝေ့ဖ်ဒဏ်ခံနိုင်သောခွက်

နှိပ်ပါ Auto Menu 自動食譜

မီနူးနံပါတ်	မီနူးအုပ်စု	အလေးချိန်				အကြံပြုထားသောဖူးများ(သို့) ဆက်စပ်ပစ္စည်းများ
၄	အေးခဲနေသောအစားအစာများ ဒင်းဆမ်းကိုနွေးခြင်း	၅၀၀ဂရမ်	၁၀၀၀ဂရမ်	၁၅၀ဂရမ်	၂၀၀ဂရမ်	အဖုံးပါသည့်မိုက်ကရိုဝေ့ဖ်ဒဏ်ခံနိုင်သည့်(သို့) ထုတ်ပိုးနိုင်သောပလတ်စတစ်
၅	ယာဂု၊ဆန်ပြုတ်	၅၀၀ဂရမ်	၁၀၀၀ဂရမ်	၁၅၀ဂရမ်	–	အဖုံးပါသည့်ဇောက်နက်သည့်အိုး
၆	ချက်ချင်းစားခေါက်ဆွဲ	တပွဲစာ	နှစ်ပွဲစာ	–	–	အဖုံးပါသည့်ဇောက်နက်သည့်အိုး
၇	ဟင်းသီးဟင်းရွက်	၁၂၀ဂရမ်	၁၈၀ဂရမ်	၂၅၀ဂရမ်	၃၇၀ဂရမ်	အဖုံးပါသည့်ဇောက်နက်သည့်အိုး
၈	အိုးနှစ်ထပ်ခံ၍ချက်ပြုတ်ခြင်း	၄ပွဲ – ၆ပွဲ	၁ပွဲ – ၃ပွဲ	–	–	အဖုံးပါသည့်ဇောက်နက်သည့်အိုး
၉	ထောင်းထားသောဆန်	၁၀၀၀ဂရမ်	၂၀၀ဂရမ်	၃၀ဂရမ်	–	အဖုံးပါသည့်ဇောက်နက်သည့်အိုး
၁၀	ငါးပေါင်း	၁၀၀ဂရမ်	၂၀၀ဂရမ်	၃၀၀ဂရမ်	၄၀၀ဂရမ်	ပလတ်စတစ်ဖြင့်ထုတ်ပိုးထားသောမိုက်ကရိုဝေ့ဖ်ဒဏ်ခံနိုင်သောပန်းကန်ခွက်
၁၁	ကြက်ပေါင်း	၂၀၀ဂရမ်	၄၀၀ဂရမ်	၆၀၀ဂရမ်	၈၀၀ဂရမ်	
၁၂	ကြက်တကောင်လုံးကင်	၆၀၀ဂရမ်	၉၀၀ဂရမ်	၁၂၀ဂရမ်	–	မိုက်ကရိုဝေ့ဖ်ဒဏ်ခံနိုင်သောပန်းကန်ခွက်
၁၃	အမဲသား၊သိုးသားကင်	၂၀၀ဂရမ်	၄၀၀ဂရမ်	၆၀၀ဂရမ်	–	အောက်ခံပြားပေါ်ရှိစကာစင်
၁၄	ဘာဘီကြူအသားလုံးများ	၂၀၀ဂရမ်	၄၀၀ဂရမ်	၆၀ဂရမ်	–	အောက်ခံပြားပေါ်ရှိစကာစင်
၁၅	ကြော်ထားသောအစားအစာကိုနွေးခြင်း	၅၀ဂရမ်	၁၅၀ဂရမ်	၃၅၀ဂရမ်	–	အောက်ခံပြားပေါ်ရှိစကာစင်

မှတ်ချက်

၁. အလိုအလျောက်ချက်ပြုတ်သည့်ပရိုဂရမ်တစ်ခုကိုရွေးချယ်သည့်အခါအလိုအလျောက်နှင့်ချက်ပြုတ်ခြင်းဖန်ရှင်ကိုပြည္သန်းမီးလင်းလာပြီးမီနူးနံပါတ်ပုံဖော်မျက်နှာပြင်တွင်ပေါ်လာမည်။

၂. ဖော်ပြထားသောအလေးချိန်အပိုင်းအခြားအတွင်းရှိအစားအစာများကိုသာချက်ပြုတ်ပါ။

၃. အထုတ်ပေါ်တွင်ရေးသားထားသောအချက်အလက်များကိုမမှီခိုဘဲအစားအစာ၏အလေးချိန်ကိုချိန်ပါ။

၄. အစားအစာအများစုသည်အော်တိုချက်ပြုတ်သည့်အစီအစဉ်ဖြင့်ချက်ပြုတ်ပြီးနောက်အပူကိုအစားအစာ၏အတွင်းပိုင်းထဲသို့ပြန့်နှံ့စေသည့်ကောင်းမွန်သည့်ရလဒ်ကိုမီးဖိုထဲတွင်အစားအစာကိုဆက်၍ထားချိန်မှရရှိသည်။

အလိုအလျောက်ချက်ပြုတ်ခြင်းကိုချိန်ညှိခြင်း

၁ အစားအစာကိုနွေးခြင်း

ချက်ပြုတ်ထားသည့်အစားအစာများသည်အစားအစာ၏အလေးချိန်ကိုသတ်မှတ်ခြင်းဖြင့်အလိုအလျောက်အပူပေးသည်။မီးပြင်းအား(သို့)နွေးချိန်ကိုရွေးချယ်ဖို့မလိုအပ်ပါ။အစားအစာသည်ရေခဲသေတ္တာအပူချိန်(၂ဒီဂရီစင်တီဂရိတ်–၇ဒီဂရီစင်တီဂရိတ်)တွင်ရှိသင့်သည်။သင့်လျော်သောအရွယ်အစားရှိမိုက်ကရိုဝေ့ဖ်အပူဒဏ်ခံနိုင်သောဇောက်နက်သောခွက်ကိုသုံးပါ။လိုအပ်လျှင်စားပွဲတင်ဇွန်း၃ဇွန်းမှ၅ဇွန်းထိရေထည့်၍အဖုံးဖြင့်အုပ်ပါ။အသံမြည်လာလျှင်မွှေပါ။



၂ ပီဇာကိုနွေးခြင်း

ရေခဲသေတ္တာအပူချိန်(၅–၇ဒီဂရီစင်တီဂရိတ်)တွင်ပီဇာကိုအပူပေးရန်အတွက်သင့်လျော်သည်။ပီဇာကိုပန်းကန်ပေါ်ရှိဝါယာစင်ပေါ်တင်ပါကအဖုံးမပါဘဲချက်ပြုတ်ပါ။

၃ စွပ်ပြုတ်နွေးခြင်း

ရေခဲသေတ္တာအပူချိန်(၅–၇ဒီဂရီစင်တီဂရိတ်)တွင်စွပ်ပြုတ်ကိုအပူပေးရန်အတွက်သင့်တော်သည်။မိုက်ကရိုဝေ့ဖ်ဒဏ်ခံနိုင်သည့်ခွက်ကိုသုံးပါ။အဖုံးမပါဘဲချက်ပြုတ်ပါ။မတည်ခင်းမီမွှေပါ။
မှတ်ချက် – ၁ခွက် = ၁၈၀မီလီလီတာ

၄ အေးခဲသောအစားအစာ၊ဒင်းဆမ်းကိုနွေးခြင်း

ဖူးမိုင် ၊ပေါက်ဆီကဲ့သို့သောအေးခဲနေသောအစားအစာ ဒင်းဆမ်းများကိုနွေးရန်သင့်တော်သည်။အေးခဲနေသောအစားအစာများကိုသင့်တော်သောမိုက်ကရိုဝေ့ဖ်လှိုင်းအန္တရာယ်ကင်းသည့်ပန်းကန်ထဲသို့ထည့်ကာရေအနည်းငယ်ဖြန်းပါ။အဖုံး(သို့)ပလတ်စတစ်ဖြင့်ဖုံးအုပ်ပါ။

၅ ဆန်ပြုတ် /ယာဂု

၎င်းဖန်ရှင်သည်ဆန်ပြုတ် ၊ယာဂုချက်ပြုတ်ရန်အတွက်သင့်လျော်သည်။ဆန်၊ယာဂုကိုသင့်လျော်သောအရွယ်အစားရှိမိုက်ကရိုဝေ့ဖ်ဘေးကင်းသည့်ဇောက်နက်သောခွက်ထဲသို့ထည့်ပါ။ရေများဆူပွက်၍အောက်သို့မကျစေရန်ကိုအနည်းဆုံးခွက်၏ထုထည်၏သုံးပုံတစ်ပုံသာထည့်ပါ။အဖုံးနှင့်ဖုံးအုပ်ပါ။ပထမဆုံးတတီတီမြည်လာသောအခါမွှေ၍တစ်စိတ်တစ်ပိုင်းကိုဖုံးအုပ်ပြီးထပ်ချက်ပါ။နောက်တစ်ချက်တတီတီမြည်လာသောအခါထပ်မွှေပါ။ချက်ပြုတ်ပြီးနောက်မီးဖိုထဲ၌၅မိနစ်မှ ၁၀မိနစ်ထိဆက်ထားပါ။

ဆန် /ဆန်ပြုတ်	အကြံပြုထားသည့်ထည့်ရန်ရေပမာဏ	အကြံပြုထားသည့်ဇောက်နက်ခွက်၏ထုထည်
၅၀ဂရမ်	၂၅၀မီလီမီတာ	၁.၅လီတာ
၁၀၀ဂရမ်	၆၅၀မီလီမီတာ	၂လီတာ
၁၅၀ဂရမ်	၈၅၀မီလီမီတာ	၃လီတာ

၆ ချက်ချင်းသုံးဆောင်နိုင်သောခေါက်ဆွဲခြောက်

ဤဖန်ရှင်သည်ချက်ချင်းစားနိုင်သောခေါက်ဆွဲခြောက်များကိုချက်ပြုတ်ရန်သင့်တော်သည်။ခေါက်ဆွဲခြောက်နှင့်အရသာကိုသင့်လျော်သောအရွယ်အစားရှိမိုက်ကရိုဝေ့ဖ်ဘေးကင်းသည့်ဇောက်နက်ခွက်တွင်ထည့်ထားပါ။အောက်တွင်ဖော်ပြထားသောအကြံပြုထားသည့်ဘေစင်ခေါင်းမှရေပူထည့်ပါ။ရေများဆူပွက်၍မကျစေရန်ခွက်၏ထုထည်အဖုံးကိုဖုံးအုပ်ထားပါ။အသံထွက်လာသည့်အခါမွှေပါ။ချက်ပြုတ်ပြီးနောက်၁မိနစ် – ၂မိနစ်ခန့်မီးဖိုထဲတွင်ဆက်ထားပါ။

တည်ခင်းနိုင်သောပွဲအရေအတွက်	အကြံပြုထားသောဘေစင်ခေါင်းမှရေပူပမာဏ
၁ပွဲစာ	၄၅၀မီလီမီတာ
၂ပွဲစာ	၈၀၀မီလီမီတာ

၇ ဟင်းသီးဟင်းရွက်များ

ဤဖန်ရှင်သည်ပန်းဂေါ်ဖီစိမ်း၊ဖရုံသီး၊ပန်းဂေါ်ဖီ၊ဂေါ်ဖီထုပ်၊ကညွတ်၊ပဲများ၊တရုတ်နံ့နံ၊သခွားဖရုံ၊ဟင်းနုနွယ်ရွက်၊ငရုတ်စသောစိမ်း၍ပျော့ပြောင်းသောဟင်းသီးဟင်းရွက်အမျိုးအစားအားလုံး(သို့)ထိုအမျိုးအစားအရောများကိုချက်ပြုတ်ရန်သင့်တော်သည်။ဟင်းသီးဟင်းရွက်အားလုံးကိုအရွယ်အစားအတူတူဖြတ်ပါ။ဟင်းသီးဟင်းရွက်များကိုသင့်တော်သောအရွယ်အစားရှိမိုက်ကရိုဝေ့ဖ်ဘေးကင်းသည့်ဇောက်နက်သည့်ခွက်ထဲသို့ထည့်ပါ။ဟင်းသီးဟင်းရွက်များကိုခပ်ပျော့ပျော့ရလိုပါကရေထည့်ပါ။အပူမပေးမီထောပတ်၊ဟင်းခတ်အမွှေးအကြိုင်တို့ထည့်နိုင်သည်။သို့သော်စားပွဲ၌တည်ခင်းသည်အထိဆားမထည့်ပါနှင့်။အဖုံးကိုဖုံးအုပ်ပါ။အသံမြည်လာသောအခါမွှေပါ။

ဟင်းသီးဟင်းရွက်များ	အကြံပြုထားသည့်ရေ(သို့)အသားပြုတ်ရည်
၁၂၀ဂရမ်	စားပွဲတင်ဇွန်းသုံးဇွန်း (သို့)အသားပြုတ်ရည်
၁၈၀ဂရမ်	စားပွဲတင်ဇွန်းလေးဇွန်း (သို့)အသားပြုတ်ရည်
၂၅၀ဂရမ်	စားပွဲတင်ဇွန်းငါးဇွန်း (သို့)အသားပြုတ်ရည်
၃၇၀ဂရမ်	စားပွဲတင်ဇွန်းခုနစ်ဇွန်း (သို့)အသားပြုတ်ရည်

အလိုအလျောက်ချက်ပြုတ်ခြင်းကိုချိန်ညှိခြင်း

၈ အိုး၂ထပ်ဖြင့်ပြုတ်ခြင်း/ပြုတ်ချက်ချက်ခြင်း

